KONRAD ADENAUER STIFTUNG



# မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်မှ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဖွဲ့အစည်းဆိုင်ရာ အထောက်အကူပြုမှုဘောင်များအား ဖြေလျှော့ပေးရေး လေ့လာဆန်းစစ်မှု တွေ့ရှိချက်

NATIONAL ENLIGHTENMENT INSTITUTE
Upgrade Knowledge, Widen Space, Promote Society

# မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်မှ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဖွဲ့အစည်းဆိုင်ရာ အထောက်အကူပြုမှုဘောင်များအား ဖြေလျှော့ပေးရေး လေ့လာဆန်းစစ်မှု တွေ့ရှိချက်

2020 © Copyright by Konrad-Adenauer Stiftung Ltd., Myanmar

ISBN 978-99971-954-4-9

ထုတ်ဝေသူ
Konrad-Adenauer Stiftung Ltd.
Myanmar Representative Office
Yangon, Myanmar
Info.myanmar@kas.de
www.kas.de/myanmar/en/

ဤစာအုပ်တွင် ဖော်ပြထားသည်များမှ တစ်စိတ်တစ်ပိုင်းကို သော်လည်းကောင်း၊အားလုံးကိုသော်လည်းကောင်း၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မည်သည့်နည်းနှင့်မျှ တစ်ဆင့်ပြန်လည် ကူးယူ ဖော်ပြခြင်းကို ခွင့်မပြု၊ မူပိုင်ခွင့်ရှိထားသူ(သို့မဟုတ်)ထုတ်ဝေသူထံမှ ခွင့်ပြုချက်ရမှသာ တစ်ဆင့်ဖော်ပြရန် အသိပေးအပ်သည်။

ဤစာအုပ်တွင် ဖော်ပြထားသည့် အချက်အလက်များနှင့် သဘောထားအမြင်များသည် စာရေးသူများ၏ သဘောထားအမြင် များသာဖြစ်ပြီး Konrad-Adenauer Stiftung Ltd., Myanmar ၏ သဘောထားအမြင်များကို ကိုယ်စားပြုထားခြင်းမရှိပါ။

# ကျေးဇူးတင်လွှာ

ဤစာအုပ်ဖြစ်မြောက်ရေးနှင့် သုတေသနကုန်ကျမှု အားလုံးကို ထောက်ပံ့ကူညီသော Konrad-Adenauer Stiftung Ltd. အား အထူးပင် ကျေးဇူးတင်ရှိပါသည်။

အထူးသဖြင့် မြန်မာနိုင်ငံရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကကျသော အထောက်အကူပြု မူဘောင်ဆိုင်ရာ လေ့လာဆန်းစစ်မှု လုပ်ဆောင်နိုင်ရန် ခွင့်ပြုပေးသည့်အပြင် လိုအပ်သည့် ချိတ်ဆက် ကူညီဆောင်ရွက်မှုများ ပြုလုပ်ပေးခဲ့သည့် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်အေးအေးဝင်း၊ ဒေါက်တာ ဒေါ်အိရွှေစင်ထွန်း (ညွှန်ကြားရေးမှူး၊ ဈေးကွက်နှင့် နည်းပညာဌာန)၊ ဒေါက်တာ ဒေါ်ဖြူဖြူဝင်း (ဒုညွှန်ကြားရေးမှူး ၊ မူဝါဒနှင့် နိုင်ငံတကာဆက်ဆံရေးဌာန)-စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် အတွင်းရေးမှူး MSME ဗဟိုအေဂျင်စီရုံးအဖွဲ့ကို အလေးအနက် ကျေးဇူးတင်အပ်ပါသည်။

ထို့ပြင် ယခုကဲ့သို့ ပြုလုပ်ခွင့်ပေးခဲ့သော ဒေါက်တာ နောဘတ်အက်ရှ်ဘွန်း (former KAS Myanmar Country Representative), Mael Raynaud (Head of Research, Urbanize Policy Institute), Annabelle Heugas (Program Coordinator at KAS-Myanmar), နှင့် KAS မြန်မာနိုင်ငံရုံးအဖွဲ့သားအားလုံးကိုလည်း ကျေးဇူးတင်မိပါသည်။ ယခုစာတမ်းဖြစ်မြောက်အောင် အတူဝိုင်းဝန်း လုပ်ဆောင်ပေးခဲ့ကြသော ကိုကောင်းမြတ်ထွဋ်၊ ကိုအောကရတ်၊ ကိုမြတ်ခေါင်လင်းနှင့် NEI ရုံးအဖွဲ့သားများအားလုံးကိုလည်း လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်မိပါသည်။

ဤသုတေသနပြုစုနိုင်ရန်အတွက် လိုအပ်သည့် အချက်အလက်များအား ပြည့်စုံစွာ ဝိုင်းဝန်း ဖြေကြားပေးခဲ့ကြသည့် ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်အဆင့်မှ အစိုးရဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့် အေဂျင်စီတွင်း ပါဝင်နေကြသည့် အစိုးရအဖွဲ့အစည်းများ၊ ဒေသတွင်း စီးပွားရေးလုပ်ငန်းရှင်များနှင့် ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းစီတို့အား ကျေးဇူးတင်အပ်ပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

# CONTENTS


လေ့လာဆန်းစစ်မှုတွင် ပါဝင်ခဲ့သူများ 4

Konrad-Adenauer-Stiftung-KAS အဖွဲ့အစည်းအကြောင်း အကျဉ်း 6

National Enlightenment Institute အဖွဲ့အစည်းအကြောင်း အကျဉ်း 7

အပိုင်း (၁) ဗဟိုချုပ်ကိုင်မှုလျှော့ချရေးနိဒါန်း 9
၁.၁ လေ့လာဆန်းစစ်မှု၏ နောက်ခံအကြောင်းရင်း 10
၁.၂ MSMEs နှင့် ဈေးကွက်စီးပွားရေးစနစ်ဆက်စပ်မှု 12
၁.၃ လေ့လာဆန်းစစ်မှု၏ ရည်ရွယ်ချက် 15
၁.၄ ဗဟိုချုပ်ကိုင်မှုလျှော့ချရေး (Decentralization)၏ အဓိပ္ပါယ်ဖွင့်ဆိုချက်များ 16
၁.၅ လေ့လာဆန်းစစ်မှုတွင် အသုံးပြုသောနည်းလမ်းများ 18
၁.၅.၁ ပဏာမစစ်တမ်းကောက်ယူခြင်း 18
၁.၅.၂ ဥပဒေပြုရေးမဏ္ဍိုင်တွင် ပါဝင်သူများနှင့် တွေ့ဆုံမေးမြန်းခြင်း။ 18
၁.၅.၃ အစိုးရဌာနဆိုင်ရာများနှင့် တွေ့ဆုံမေးမြန်းခြင်း။ 18

အပိုင်း (၂) မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက် အစိုးရ၏အခန်းကဏ္ဍ 20
၂.၁ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ 21
၂.၂ MSME အေဂျင်စီ 22
၂.၃ MSME အေဂျင်စီရုံးခွဲများ 25
၂.၄ ဒေသဆိုင်ရာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီများ ဖွဲ့စည်းခြင်း 26

အပိုင်း (၃) တွေ့ရှိချက်များအား ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း 46
၃.၁ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်မှ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ၏ သဘောထားကို ကောက်ယူထားသော ပဏာမစစ်တမ်းမှ အထွေထွေ တွေ့ရှိချက်များ 47
၃.၁.၁ စီးပွားရေးလုပ်ငန်းရှင်များ၏ လက်တွေ့ကြုံတွေ့နေရသော အခက်အခဲများ 50

၃.၁.၂ အသေးစားနှင့် အလတ်စားစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် အတွက် အဓိကတာဝန်ရှိသူများ 52
၃.၁.၃ အသေးစား၊ အလတ်စား စီးပွားရေးကဏ္ဍ ဖွံ့ဖြိုး တိုးတက်အောင် လုပ်ဆောင်ရာတွင် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း အရေးပါသော ဌာနဆိုင်ရာများ 53
၃.၁.၄ အသေးစားနှင့် အလတ်စားစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် အတွက် ဌာနဆိုင်ရာများ၏ စွမ်းဆောင်ရည်ပြည့်ဝစေရန် အဓိကလိုအပ်သော အရာများ 55
၃.၁.၅ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မွန်နှင့် ကရင်ပြည်နယ် တွင် ကောက်ယူခဲ့သော စစ်တမ်းကို အခြေခံ၍ ဗဟို ချုပ်ကိုင်မှုလျှော့ချရေးရှုထောင့်မှ Institutional Framework အား လေ့လာဆန်းစစ်ခြင်း 56
၃.၂ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဗဟိုချုပ်ကိုင်မှုလျှော့ချရေးနှင့် ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားအမြင်များ 57
၃.၃ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဗဟိုချုပ်ကိုင်မှုလျှော့ချရေးနှင့် ပတ်သက်ပြီး ဌာနဆိုင်ရာများ၏ သဘောထားအမြင်များ 59

အပိုင်း (၄) သုတေသနစစ်တမ်းအား ခြုံငုံသုံးသပ်ခြင်းနှင့် အကြံပြုခြင်း 62
၄.၁ MSME ဖွံ့ဖြိုးမှုနှင့် ဈေးကွက်ဆိုင်ရာ သုံးသပ်ချက် 64
၄.၂ MSME နှင့် ဆက်စပ်သည့် မူဘောင်တွင် ပါဝင်နေသော အစိုးရ ဌာနဆိုင်ရာများ၏ ဖွဲ့စည်းပုံနှင့် လုပ်ဆောင်မှုပုံစံဆိုင်ရာ သုံးသပ်ချက် 65
၄.၃ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေဆိုင်ရာ သုံးသပ်ချက် 68
၄.၄ စွမ်းဆောင်ရည်နှင့် ကျွမ်းကျင်မှုဆိုင်ရာ သုံးသပ်ချက် 70
၄.၅ ဗဟိုချုပ်ကိုင်မှုလျှော့ချရေးဆိုင်ရာ သုံးသပ်ချက် 71
၄.၆ အကြံပြုချက်များ 73

အခန်း (၅) နိဂုံးချုပ် 74

ကိုးကားစာရင်း 75

နောက်ဆက်တွဲ 77

## လေ့လာဆန်းစစ်မှုတွင် ပါဝင်ခဲ့သူများ

### ၁။ ဦးကောင်းမြတ်ထွန်း

Knowledge Hub Institute ၏ တွဲဖက်တည်ထောင်သူ၊ NEI အဖွဲ့၏ ပညာရပ်ဆိုင်ရာ ဒါရိုက်တာ။

ဦးကောင်းမြတ်ထွန်းသည် ၂၀၀၄ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ Middlesex University, UK မှာ BSc (Hons) Business Information Systems ဘွဲ့ကိုရခဲ့ပြီး ရန်ကုန်စီးပွားရေး တက္ကသိုလ်မှ ဖွံ့ဖြိုးမှုပညာ မဟာဘွဲ့ကိုရခဲ့သည်။ ၂၀၀၇ ခုနှစ်အထိ အစိုးရ၏ Electronic Government Project တွင် ပါဝင် ဆောင်ရွက်ခဲ့သည်။ လက်ရှိတွင် ဆွစ်ဇာလန်နိုင်ငံ Victoria University တွင် Technology Adoption and SMEs နှင့် သက်ဆိုင်သော ဘာသာရပ်အား Ph.D ကျမ်းပြုလျက်ရှိသည်။ ထို့ပြင် မဟာတန်း ကျောင်းသားများအားလည်း စာသင်ကြားပေးလျက်ရှိပြီး လစဉ်ထုတ် B2B Management မဂ္ဂဇင်းအပါအဝင် တခြား IT နည်းပညာဆိုင်ရာ စာစောင်များတွင် ပညာပေးသုတစာပေများ ရေးသားထုတ်ဝေလျက် ရှိသည်။ ပတ္တမြား FM တွင်လည်း IT ပညာရပ်များအား ပို့ချလျက်ရှိသည်။

### ၂။ ဦးမြတ်ခေါင်လင်း

အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးအကြံပေးပညာရှင်၊ NEI အဖွဲ့၏ အဖွဲ့အစည်းဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ အကြံပေးပုဂ္ဂိုလ်။

ဦးမြတ်ခေါင်လင်းသည် လက်ရှိတွင် စကားဝါအဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်မှု အတိုင်ပင်ခံကုမ္ပဏီ၌ အကြံပေးပညာရှင်အနေဖြင့် လက်ရှိတွင် လုပ်ကိုင်လျက် ရှိသည်။ NEI ၏ အဖွဲ့အစည်းဖွံ့ဖြိုးမှုဆိုင်ရာ အကြံပေးပုဂ္ဂိုလ်လည်းဖြစ်သည်။ အဖွဲ့အစည်းများ၏ ပိုမိုကောင်းမွန်သော ပြုပြင်ပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းစဉ်များဖြစ်သော မဟာဗျူဟာရေးဆွဲခြင်း၊ ဖွဲ့စည်းပုံပြင်ဆင်ခြင်း၊ မူဝါဒများရေးဆွဲခြင်းနှင့် စွမ်းဆောင် ရည်မြှင့်တင်ခြင်း လုပ်ငန်းများကို (၇)နှစ်ကျော် လုပ်ငန်းအတွေ့အကြုံ ရှိသည်။

### ၃။ ဦးမွန်ပိုင်ဂကူ (ခ) Aow Kou Rot

သုတေသနနှင့် စီစစ်လေ့လာသူ၊ Local Insights Service Project, Funded by Department of International Development - DFID Myanmar

ဦးမွန်ပိုင်ဂကူ (ခ) Aow Kou Rot သည် UK အစိုးရ၏ နိုင်ငံတကာအကူအညီပေးရေး အဖွဲ့အစည်းတစ်ခုဖြစ်သည့် DFID Myanmar ဖြစ်သည့် UK Aid အတွက် မွန်ပြည်နယ်၌ အခြေစိုက်၍ သုတေသနနှင့် လေ့လာဆန်းစစ်မှုများ ပြုလုပ်နေသော သုတေသီတစ်ဦးဖြစ်သည်။ ဟသ်ာနီ (မွန်မြေ)ဟူသည့် ကလောင်အမည်ဖြင့် (၂၀၀၈) ခုနှစ်ကတည်းကပင်စတင်၍ ထိုင်း-မြန်မာ နယ်စပ်၌ အခြေစိုက်၍ အလွတ်တန်း သတင်းထောက်အဖြစ် လုပ်ကိုင်ခဲ့ပါသည်။ ထို့နောက် တိုင်းရင်းမီဒီယာ ကွန်ရက် အဖွဲ့အစည်းတစ်ခုဖြစ်သည့် Burma News International ၌ တာဝန်ခံအယ်ဒီတာ အဖြစ်လည်းကောင်း၊ မွန်ပြည်နယ်အခြေစိုက် ဟသ်ာမီဒီယာ၌ အယ်ဒီတာချုပ်

အဖြစ်လည်းကောင်း လုပ်ကိုင်ခဲ့သည့် အတွေ့အကြုံများရှိသည်။ သတင်းအချက်အလက်များ စုဆောင်းကောက်ယူခြင်း၊ သုံးသပ်ချက်များထုတ်ခြင်း၊ တွေ့ဆုံမေးမြန်းခြင်းတို့တွင် အတွေ့အကြုံကောင်းရှိသူတစ်ဦးဖြစ်သည်။

## ၄။ ဒေါ်ရည်မွန်ဆု

NEI ၏ အုပ်ချုပ်မှု ဒါရိုက်တာ

ဒေါ်ရည်မွန်ဆုသည် မွန်ပြည်နယ်အခြေပြု National Enlightenment Institute-NEI (Local Think Tank အဖွဲ့အစည်း)၏ ပူးတွဲတည်ထောင်သူနှင့် အုပ်ချုပ်မှု ဒါရိုက်တာတစ်ဦးဖြစ်ပါသည်။ မော်လမြိုင်တွင် ကွန်ပျူတာတက္ကသိုလ် တက်ရောက်ခဲ့ပြီး စင်ကာပူနိုင်ငံ၏ Semi-government ကျောင်းတစ်ခုဖြစ်သော Tourism Management Institute of Singapore တွင် Travel and Tourism Management ကို ဆက်လက်လေ့လာခဲ့ပါသည်။ ၂၀၀၉ တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီး Myanmar Egress မှ ဖွင့်လှစ်သော Social Entrepreneurship Program နှင့် Research Methodology Program များကို သင်ယူလေ့လာအသုံးပြုပြီး ဖွံ့ဖြိုးရေး အခြေပြုအဖွဲ့အစည်းများတွင် ဝင်ရောက်လုပ်ကိုင်ခဲ့ပါသည်။ ဂျာမနီ အခြေစိုက် Konrad Adenauer Stiftung ၏ Konrad Adenauer School for Young Political Leaders in Asia (2013-2014)၏ Fellowship alumni တစ်ဦးဖြစ်ပါသည်။ အမေရိကန်အခြေပြုခေါင်းဆောင်မှုဆိုင်ရာ Deboer Fellowship ကို ၂၀၁၆ တွင် ပါဝင်တက်ရောက်ခဲ့ပါသည်။ Mekong Institute ၏ Rural E-commerce development program တွင် မြန်မာပြည်ကိုယ်စားပြုတက်ရောက်သူ ၄ ဦးမှ တစ်ဦး အပါအဝင်ဖြစ်ခဲ့ပြီး ဒေသအခြေပြုထွက်ကုန်တိုးမြှင့်ရေး စီမံကိန်းအချို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ မွန်ပြည်နယ်၏ ခရီးသွားလုပ်ငန်းကဏ္ဍနှင့် ရာဘာလုပ်ငန်းဖွံ့ဖြိုးမှုကဏ္ဍတွင်လည်းကောင်း၊ သစ်တောနည်းဥပဒေ ရေးဆွဲခြင်းဆိုင်ရာတွင် (မွန်ပြည်နယ်၊ ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး) လည်းကောင်း၊ တနင်္သာရီတိုင်း တက္ကသိုလ် ၆ ခု၏ ပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ ကိစ္စရပ်များတွင် သုတေသနပညာရှင်အနေဖြင့် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ မွန်ပြည်နယ် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးမှုကော်မတီတွင် ခရီးသွားတတ်သိပညာရှင်တစ်ဦးအနေဖြင့် ပါဝင်နေပြီး ဒေသတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် နည်းပညာ၊ မူဝါဒနှင့် ချိတ်ဆက်ဆောင်ရွက်မှုများကို တစိုက်မတ်မတ် လုပ်ဆောင်နေသူတစ်ဦးဖြစ်သည်။

KONRAD
ADENAUER
STIFTUNG

## Konrad-Adenauer-Stiftung- အဖွဲ့အစည်း အကျဉ်း

Konrad-Adenauer-Stiftung-KAS ခေါ်(န်)ရာ့(ဒ်)အာဒင်နိုအာစတစ်တန်အဖွဲ့အစည်းသည် လွတ်လပ်မှု၊ တရားမျှတမှု၊ စည်းလုံးညီညွတ်မှုကို အခြေခံသောမူများဖြင့် လုပ်ဆောင်ပါသည်။ Konrad-Adenauer-Stiftung (KAS)သည် နိုင်ငံရေးအဖွဲ့အစည်းတစ်ခုဖြစ်ပြီး ဂျာမနီ ခရစ်ယာန် ဒီမိုကရက်တစ် ယူနီယံ (CDU) နှင့် ပူးပေါင်းဆောင်ရွက်မှုရှိပြီး ၎င်း၏တန်ဖိုးများကို အလေးထား လိုက်နာကျင့်သုံးလျက်ရှိသည်။ Konrad Adenauer (၁၈၇၆ ခုနှစ် - ၁၉၆၇ ခုနှစ်)သည် ဂျာမနီ ဖက်ဒရယ်သမ္မတနိုင်ငံ၏ ပထမဆုံး ဝန်ကြီးချုပ်ဖြစ်သည်။ ဂျာမနီနိုင်ငံကို နာဇီအာဏာရှင်စနစ်၏ လက်အောက်မှ ပြန်လည်ထူထောင်သည့် ကာလဖြစ်သည့် ၁၄ နှစ်ကြာ အုပ်ချုပ်သည့် သက်တမ်းအတွင်း ဥရောပနိုင်ငံများတွင် စီးပွားရေးအင်အားကို အတောင့်တင်းဆုံးဖြစ်အောင် စွမ်းဆောင်နိုင်ခဲ့ပြီး ဥရောပ၏ ထိပ်ပိုင်းခေါင်းဆောင်တစ်ဦးအဖြစ်လည်း ရပ်တည်နိုင်ခဲ့သည်။ သြဇာကြီးမားသော ဝန်ကြီးချုပ်တစ်ဦးအဖြစ် ရပ်တည်နိုင်မှုကြောင့် ဂျာမနီနိုင်ငံ၏ ရေရှည်ပြန်လည်ထူထောင်ရေးနှင့် နိုင်ငံတကာအဝန်းအဝိုင်းကြား ပြန်လည်သင့်မြတ်ရေးကို စွမ်းဆောင်နိုင်ခဲ့သည်။ ဖောင်ဒေးရှင်းအနေဖြင့် ပြည်တွင်းရေး၊ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံခြားရေးမူဝါဒများနှင့်ပတ်သက်၍ လတ်တလောကိစ္စရပ်များတွင် လက်တွေ့ကျကျအဖြေရှာနိုင်မည့် သဘောတရားများနှင့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်ပေးလျက်ရှိသည်။ ရုံးခွဲပေါင်း ၁၀၀ ဖွင့်လှစ်ပြီး နိုင်ငံပေါင်း ၁၂၀ ကျော်တွင် ဒီမိုကရေစီ ခိုင်မာအားကောင်းလာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုအခြေပြု ဈေးကွက်စီးပွားရေးစနစ်များ တိုးတက်လာရေးတို့ကို တွန်းအားပေးသော စီမံကိန်းများကို ကြီးကြပ်စီမံခန့်ခွဲပေးလျက်ရှိသည်။ ငြိမ်းချမ်းရေးနှင့် လွတ်လပ်မှုများ ခိုင်မာအားကောင်းလာစေရန်အတွက် ယဉ်ကျေးမှုနှင့် ဘာသာရေး အပြန်အလှန်နားလည်မှုကို အခြေခံပြီး ဆွေးနွေးဖလှယ်မှုများကို နိုင်ငံအဆင့်သာမက နိုင်ငံတကာကြားတွင်ပါ တွန်းအားပေး လုပ်ဆောင်လျက်ရှိပါသည်။

လူမှုတရားမျှတရေးနှင့် ဒီမိုကရေစီဆိုင်ရာ လွတ်လပ်ခွင့်များ ဖော်ဆောင်ရာတွင် လူသားများသည်သာ ကနဦးကျသည်ဟူသည့် ယုံကြည်မှုလမ်းစဉ်ဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်သော စီးပွားရေးလုပ်ဆောင်မှုများကို မြှင့်တင်ဆောင်ရွက်ပေးပါသည်။ နိုင်ငံရေးနှင့် စီးပွားရေးရပ်ဝန်းများ ရှင်သန်အားကောင်းနိုင်စေရန် လူမှုအသိုင်းအဝန်းတွင် နေထိုင်ကြသူများအားလုံး မိမိတို့တာဝန်များကို အတူတကွ ကျေပွန်စွာ လုပ်ဆောင်ရမည်ဖြစ်သည်။ နိုင်ငံ့အရေးကိစ္စများကို မည်သို့ အကောင်အထည်ဖော် လုပ်ဆောင်ရမည်ဆိုသည့် အသိပညာ ဗဟုသုတများကို အခြေခံပြီး ပို၍ သာတူညီမျှသော၊ ရေရှည်ဂေဟစနစ် မပျက်ယွင်းသော၊ လူမှုသဟဇာတဖြစ်သော၊ စီးပွားဖြစ်ထွန်းသော လူ့အဖွဲ့အစည်းကို ပုံဖော်ရမည်ဖြစ်ပါသည်။

အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ မီဒီယာများနှင့် အကြံပေးအဖွဲ့များဖြင့် ပူးပေါင်းချိတ်ဆက်ကာ လုပ်ဆောင်လျက်ရှိသည်။ အထူးသဖြင့် နိုင်ငံတွင်းနှင့် နိုင်ငံတကာအချင်းချင်း ကူးလူးဆက်ဆံမှု ပိုမိုအားကောင်းလာစေရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ပိုမိုပူးပေါင်း ဆောင်ရွက်လာနိုင်စေရေးတို့သည် ဖောင်ဒေးရှင်း၏ ပန်းတိုင်ပင်ဖြစ်သည်။ ထိုသို့ အကောင်အထည်ဖော်နိုင်ရန်အတွက် မိတ်ဖက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်လုပ်ဆောင်မည် ဖြစ်ပါသည်။

KAS သည် မြန်မာ့နိုင်ငံအရေးကို (၂၀၁၆) ခုနှစ်မှစ၍ တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံအတွင်းရှိ စီမံကိန်းများမှာ အောက်ပါဦးတည်ချက်များအပေါ်တွင် အခြေခံထား၍ လုပ်ဆောင်ပါသည်။

- ဒီမိုကရေစီစနစ် ထွန်းကားရေး၊ နိုင်ငံရေးပါတီများနှင့် နိုင်ငံပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များတွင် ပံ့ပိုးမှုပေးခြင်း။
- နိုင်ငံရေးဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်သူများနှင့် အရပ်ဖက်အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် မြင့်မားပေးခြင်း။
- ရေရှည်တည်တံ့သော စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာနိုင်ရေးကို အခြေပြုသော လူမှုအခြေပြုဈေးကွက်စီးပွားရေးစနစ်ကို မြှင့်တင်ဖော်ဆောင်ပေးခြင်း။
- ဂျာမနီ၊ ဥရောပနိုင်ငံများနှင့် အရှေ့တောင်အာရှနိုင်ငံများ အချင်းချင်းကြားတွင် ဒီမိုကရေစီ ခိုင်မာအားကောင်းရေးနှင့် ငြိမ်းချမ်းရေးကို အထောက်အပံ့ပေးသောမူများကို အခြေခံပြီး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ယန္တရားများ အကောင်အထည်ဖော်လုပ်ဆောင်ပေးခြင်း။

For more information please visit: https://www.facebook.com/kas.myanmar/
https://www.kas.de/web/myanmar/home

NATIONAL ENLIGHTENMENT INSTITUTE

Upgrade Knowledge, Widen Space, Promote Society

## National Enlightenment Institute အဖွဲ့အစည်းအကြောင်းအကျဉ်း

National Enlightenment Institute (NEI) အဖွဲ့ကို မွန်ပြည်နယ်၏ အကျိုးအမြတ် ပဓာနမထားသော အဖွဲ့အစည်းတခုအဖြစ် ၂၀၁၂ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။ ၇ နှစ်တာကာလအတွင်း ပြည်သူများ၏ နိုင်ငံရေးအသိရေချိန် တိုးတက်မြင့်မားရန် အစီအစဉ်များစွာကို ဆောင်ရွက်နိုင်ခဲ့သည်။ အဓိကအားဖြင့် နိုင်ငံရေးခေါင်းဆောင်မှု ပညာ၊ ငြိမ်းချမ်းရေးပညာပေး၊ ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးမှုအတွက် တွန်းအားဖြစ်လာစေရေး မူဝါဒရေးရာ ပြောင်းလဲဖော်ဆောင်မှု၊ လူ့အဖွဲ့အစည်းသဟဇာတဖြစ်မှု စသည့် နယ်ပယ်များတွင် အသိပညာပေးခြင်း၊ သုတေသနပြုခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းများ ဆောင်ရွက်ခဲ့သည်။

(၂၀၁၂) ခုနှစ်ကတည်းကပင် NEI အဖွဲ့သည် မွန်ပြည်နယ်တွင် အခြေပြုဖွဲ့စည်းခဲ့ပြီး လက်ရှိတွင် မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် အစိုးရဌာနဆိုင်ရာများ၊ လွှတ်တော်များတို့နှင့်ပူးပေါင်း၍ လူထုအကျိုးပြုလုပ်ဆောင်ချက်အစီအစဉ်များကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ခဲ့သည်။ ထိုဒေသများရှိလွှတ်တော်များ၊ နိုင်ငံရေးပါတီများ၊ အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ စီးပွားရေးအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တက္ကသိုလ် ကျောင်းသားကျောင်းသူများ စသည်တို့ကို အဓိကဦးတည်ပြီး စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများပြုလုပ်ခြင်း၊ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ လူထုအသိပညာပေးခြင်း စသည့် ပရိုဂရမ်ပေါင်း (၁၉၆)ခုကျော်နှင့် လူဦးရေ (၁၄၆၈၁) ယောက်ကို အစိုးရသက်တမ်း ၂ ကြိမ်အတွင်း အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

ပြောင်းလဲလာသော နိုင်ငံရေးအခြေအနေများနှင့် ဒေသတွင်း လိုအပ်ချက်များအရ NEI သည် ယခုအခါတွင် မွန်ပြည်နယ်၏ Local Think Tank အဖြစ် ရပ်တည်နိုင်ရန် ကြိုးပမ်းလျက်ရှိပြီး ဒေသတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ်အားလုံး ထိတွေ့ဆက်ဆံမှုများ ရှိလာစေရန်နှင့် ပိုမိုကောင်းမွန်သော ပြောင်းလဲ ဖွံ့ဖြိုးတိုးတက်မှုအတွက် အမှန်တကယ်လိုအပ်သော ပံ့ပိုးမှုများကို ထောက်ပံ့ပေးလျက်ရှိသည်။

For more information please visit: https://www.facebook.com/neimyanmar/
https://www.nei-myanmar.com/



# အပိုင်း (၁)

## ဗဟိုချုပ်ကိုင်မှုလျှော့ချရေး နိဒါန်း

## အပိုင်း (၁) ဗဟိုချုပ်ကိုင်မှုလျှော့ချရေး နိဒါန်း

ဗဟိုချုပ်ကိုင်မှုလျှော့ချရေးသည် ဒီမိုကရက်တစ် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ လုပ်ငန်းစဉ်၏ အနှစ်သာရနှင့် အခြေခံကျသည့် အရာများဖြစ်ကာ ထိုအခင်းအကျင်းအား အကောင်အထည်ဖော်ထားနိုင်ပါမှ အဆင့်ဆင့်သော အစိုးရလုပ်ငန်းစဉ်ဆိုင်ရာတို့တွင် လျင်မြန်လွယ်ကူမှုကို ရရှိနိုင်မည်ဖြစ်ပြီး နိုင်ငံ၏တည်ငြိမ်မှုကိုလည်း ထိန်းကျောင်းပေးရာလည်း ရောက်ပေသည်။

၂၀၁၀ ရွေးကောက်ပွဲနောက်ပိုင်းတက်လာသည့် ဦးသိန်းစိန်အစိုးရလက်ထက်တွင် တိုင်းနှင့်ပြည်နယ်အစိုးရများသို့ ဆုံးဖြတ်နိုင်ခွင့်အာဏာများ ပိုမိုရရှိစေရန် ရည်မျှော်၍ ဗဟိုချုပ်ကိုင်မှု လျှော့ချရေးလုပ်ငန်းစဉ်များကို စတင်အကောင်အထည်ဖော်ခဲ့သည်။ ဦးသိန်းစိန်ဦးဆောင်သည့် အစိုးရအား ဆက်ခံခဲ့သည့် ဒေါ်အောင်ဆန်းစုကြည်၏ NLD အစိုးရလက်ထက်တွင်လည်း ယင်းပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို အထိုက်အလျောက် ဆက်ခံ အကောင်အထည်ဖော်ခဲ့သည်။

၂၀၁၅ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် "Administrative Reform" အလုပ်ရုံဆွေးနွေးပွဲတွင် ဦးသိန်းစိန်မှ လူထုဝန်ဆောင်မှုလုပ်ငန်းများအတွက် အစိုးရအမှုထမ်း အရာထမ်းများအား စွမ်းဆောင်ရည်မြှင့်တင်ခြင်းများ၊ ဗဟိုချုပ်ကိုင်မှုလျှော့ချရန်၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုတာဝန်ခံမှုတို့အား မြှင့်တင်ကြရန် တိုက်တွန်းပြောကြားခဲ့သည်။

နိုင်ငံတော်၏မူဝါဒများ၊ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများမှာ ပြည်သူတို့၏ လိုအပ်ချက်များနှင့် လိုက်လျောညီထွေဖြစ်စေရန်အတွက် လုပ်ဆောင်ရမည်ဖြစ်သော်လည်း ထိုစဉ်က တည်ဆဲဥပဒေ၊ နည်းဥပဒေများအား ပြန်လည်ပြင်ဆင်နိုင်ရန်မှာ အချိန်ကာလအားဖြင့် ကြာမြင့်နိုင်သည်ဟု နိုင်ငံခေါင်းဆောင်များက မှတ်ယူထားကြသည်။ သို့ဖြစ်၍ အချိန်တိုအတွင်း ထိရောက်မှုရှိစေရန်အတွက် အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများအချင်းချင်းနှင့် အကျိုးသက်ဆိုင်သည့် အဖွဲ့အစည်းများအချင်းချင်း ညှိနှိုင်းဆောင်ရွက်မှုပြုကြရန် ဦးသိန်းစိန်အစိုးရက လမ်းညွှန်တိုက်တွန်းခဲ့သည်။

၂၀၀၈ အခြေခံဥပဒေပါအတိုင်း ဗဟိုချုပ်ကိုင်မှု လျှော့ချရေးနှင့် သက်ဆိုင်သည့် တိုင်းနှင့် ပြည်နယ်များသို့ အာဏာခွဲဝေနိုင်ရေးအတွက် ပြုပြင်ပြောင်းလဲရေးအစဟု သုံးသပ်ရသည်။

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ယင်းနိုင်ငံ၏ ရေခံမြေခံ နိုင်ငံရေးအခြေအနေနှင့် အပြန်အလှန်ဆက်စပ်လျက်ရှိသည်။ နိုင်ငံရေးတည်ငြိမ်မှုရှိမှသာ တိုင်းပြည်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်နိုင်ပါသည်။ သို့ဖြစ်ရာ နိုင်ငံရေးတည်ငြိမ်မှုသည် နိုင်ငံတခုလုံး၏ အေးချမ်းသာယာဝပြောစည်ပင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကသော့ချက်ဖြစ်ပြီး နိုင်ငံတည်ဆောက်ရေးအတွက် များစွာအရေးကြီးပါသည်။

ထိုအကြောင်းရင်းသည် နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး အောင်မြင်စေရန်အတွက် အရေးပါလှသော အကြောင်းရင်းဖြစ်သည့်အားလျော်စွာ ပြုပြင်ပြောင်းလဲရေး အားကောင်းစေရန်အတွက် နိုင်ငံရေးတည်ငြိမ်မှု ရရှိစေရန်နှင့် စီးပွားရေး ဦးမော့စေရန်အတွက် တစ်ပြိုင်နက်တည်းပင် တွန်းအားပေး လုပ်ဆောင်သွားရမည် ဖြစ်သည်။

ယခင် သမ္မတဦးသိန်းစိန် အစိုးရလက်ထက်တွင် နိုင်ငံ၏ အကူးအပြောင်းကာလတွင် ဖြစ်ထွန်းတိုးတက်မှုများ မြန်မြန်ဆန်ဆန်ဖြစ်လာစေရေးအတွက် ဗဟိုချုပ်ကိုင်မှုများကို အထိုက်အလျောက်ဖြေလျော့ပေးခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများသို့ လုပ်ပိုင်ခွင့်များ ပေးခဲ့သည်။ ပြုပြင်ပြောင်းလဲမှုကာလ၌ နိုင်ငံအတွက် ဦးစားပေးလုပ်ဆောင်ရမည့် လုပ်ငန်းကဏ္ဍပေါင်းများစွာ ရှိနေသည်ဖြစ်ရာ မည်သည့်အရာများကို မည်ကဲ့သို့ ဆုံးဖြတ်လုပ်ကိုင်မည်နှင့် မည်မျှအထိ လုပ်ပိုင်ခွင့်များကို ပြည်ထောင်စုအစိုးရနှင့် တိုင်းနှင့်ပြည်နယ်အစိုးရများအကြား ခွဲဝေရန် လိုအပ်နေသည်ကား မေးခွန်းထုတ်စရာအနေဖြင့် ရှိနေသည်။

## ၁.၁ လေ့လာဆန်းစစ်မှု၏ နောက်ခံအကြောင်းအရင်း

မြန်မာနိုင်ငံသည် ဒီမိုကရေစီအကူးအပြောင်းကာလသို့ ရောက်ရှိနေပြီး မျှော်မှန်းထားသည့် အနာဂတ် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် အခြေခံအုတ်မြစ်ကောင်းများဖြစ်သည့် ဗဟိုချုပ်ကိုင်မှုလျှော့ချရေးလုပ်ငန်းစဉ်များ ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်လုပ်ဆောင်ရန် လိုအပ်နေပေသည်။



လုပ်ငန်းတာဝန်များ၊ မူဝါဒများ၊ လုပ်ပိုင်ခွင့်များ၊ စီမံပိုင်ခွင့်များနှင့် စီးပွားရေးဖွံ့ဖြိုးမှုဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်ချက်များတွင် ဗဟိုချုပ်ကိုင်မှု များစွာရှိနေသေးသည်။

၂၀၀၈ အခြေခံဥပဒေပြဌာန်းချက်ပါ ပြည်ထောင်စုအစိုးရနှင့် တိုင်းနှင့်ပြည်နယ် အစိုးရတို့၏ လုပ်ပိုင်ခွင့်အာဏာခွဲဝေပုံဇယားကို ပြန်ဆန်းစစ်ကြည့်ပါကလည်း အခြေခံ ဥပဒေတွင်ပင် ဗဟိုချုပ်ကိုင်မှု လွန်စွာအားကောင်းနေပြီး တိုင်းနှင့် ပြည်နယ်အစိုးရတို့၏ လုပ်ပိုင်ခွင့်အာဏာမှာ ပြည်ထောင်စုအစိုးရ၏ လုပ်ပိုင်ခွင့်အာဏာထက် များစွာ နည်းပါးနေသည်ကို တွေ့မြင်နိုင်ပါသည်။

မြန်မာနိုင်ငံသည် ပထဝီနိုင်ငံရေး တည်နေရာအနေအထားအရသော်လည်းကောင်း၊ သဘာဝအရင်းအမြစ် ပေါကြွယ်ဝမှု အခြေအနေအရသော်လည်းကောင်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နိုင်စေရန် အလားအလာကောင်းများစွာ ရှိနေသည်။

သို့ရာတွင် မြန်မာနိုင်ငံအတွင်းရှိ အစိုးရဌာနများအပါအဝင် နယ်ပယ်အသီးသီး၌ လူ့စွမ်းအားအရင်းအမြစ် လိုအပ်ချက်သည် စိန်ခေါ်မှုကြီးကြီးမားမားတစ်ရပ်အနေဖြင့် တည်ရှိနေသည်။

၂၀၁၅ ခုနှစ်အတွင်း ကောက်ယူခဲ့သည့် Myanmar Asian Barometer Survey အဖွဲ့မှ နိုင်ငံပြုပြင်ပြောင်းလဲရေး၏ အရေးပါသည့် ကဏ္ဍနှစ်ခုအနက် ဒီမိုကရေစီကဏ္ဍမြှင့်တင်ရေးနှင့် စီးပွားရေးကဏ္ဍမြှင့်တင်ရေး နှစ်ခုအနက် အဓိကပိုကျသည့် အရာတစ်ခုအား ရွေးချယ်ရန်အတွက် စစ်တမ်းကောက်ယူခဲ့ရာတွင် စစ်တမ်းဖြေဆိုသူအများစုက စီးပွားရေးကဏ္ဍမြှင့်တင်ရန် ပို၍ အဓိကကျကြောင်း ဖြေဆိုခဲ့ကြသည်။

ထိုတွေ့ရှိချက်များနှင့် လက်တွေ့လိုအပ်ချက်ရှိနေသည့် အကြောင်းရင်းများကို အခြေခံ၍ NEI အဖွဲ့သည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းစုများ

(MSMEs or SMEs) ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စိန်ခေါ်မှုများဖြစ်နေသည့် မူဝါဒရေးရာနှင့် တိုင်းနှင့် ပြည်နယ်အစိုးရများသို့ ဆုံးဖြတ်ချက်ချနိုင်မှုဆိုင်ရာ လုပ်ပိုင်ခွင့်များ ပိုမိုရရှိစေရန်တို့အား ဦးစားပေး လေ့လာခဲ့ပေသည်။

Konrad Adenauer Foundation (KAS) ၏ ရန်ပုံငွေ ထောက်ပံ့မှုဖြင့် NEI အဖွဲ့သည် MSME ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ တိုက်ရိုက် ဆက်စပ်ပတ်သက်မှုရှိသည့် လုပ်ငန်းရှင်များ၊ စီးပွားရေးဆိုင်ရာ အသင်းအဖွဲ့များနှင့် အစိုးရအဖွဲ့အစည်းများတို့ကို လိုအပ်သော စွမ်းရည်မြှင့်သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ တွေ့ဆုံပွဲများ စီစဉ်ဆောင်ရွက်ပြီး အကောင်အထည်ဖော်ခဲ့သည်။

၂၀၁၆ ခုနှစ်တွင် NEI အဖွဲ့သည် ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကလိုအပ်ချက်များ ရှာဖွေဖော်ထုတ်သည့် ဆန်းစစ်မှုတစ်ရပ်အား မွန်ပြည်နယ် (၁၀) မြို့နယ်အတွင်း လေ့လာဆန်းစစ်မှု ပြုလုပ်ခဲ့သည်။ တွေ့ရှိချက်တွင် ဒေသတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကတာဝန်ရှိသူ၊ လုပ်ဆောင်ပေးနိုင်သူများမှာ သက်ဆိုင်ရာ ပြည်နယ်အစိုးရဖြစ်သည်ဟု စစ်တမ်းဖြေဆိုသူအများစုက ဖြေဆိုထားကြပြီး ဒုတိယအများဆုံးမှာ ဒေသတွင်း ပုဂ္ဂလိကလုပ်ငန်းရှင်များ ဖြစ်သည်ဟု ဖြေဆိုထားကြသည်။ သို့ဖြစ်၍ စီးပွားရေးနယ်ပယ်တွင် ဗဟိုချုပ်ကိုင်မှု ဖြေလျှော့ရန် လိုအပ်နေသည်ဟု သုံးသပ်ပြီး ဒေသတွင်းလုပ်ငန်းရှင်များ၏ အစုအဖွဲ့သည်လည်း အရေးပါသည့် အခန်းကဏ္ဍတွင် ရှိနေသည်။

တွေ့ရှိချက်ရလဒ်ကို အခြေခံ၍ မွန်ပြည်နယ် MSME ဌာနနှင့် ပူးပေါင်း၍ MSMEဖွံ့ဖြိုးတိုးတက်စေရန်အလို့ငှာ လိုအပ်ချက်အရ ဆက်စပ်မှုရှိသည့် အောက်ပါ အလုပ်ရုံဆွေးနွေးပွဲ (၅)ခုအား ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်း အကောင်အထည်ဖော်ပေးခဲ့သည်။

၎င်းတို့မှာ -

(၁) လူမှုအခြေပြု ဈေးကွက်စီးပွားရေးစနစ် အသိပညာပေးဆွေးနွေးပွဲ - (Awareness Raising in Social Market Economy Workshop)

(၂) စီးပွားရေးလုပ်ငန်းတူ အသင်းအဖွဲ့များ ပိုမိုအားကောင်းလာရေး အလုပ်ရုံဆွေးနွေးပွဲ - (Social Enterprise and Cluster Development for Integrated Approach of Regional Economic Development)

(၃) နည်းပညာနှင့် ချေးငွေရယူရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ - (Fundraising opportunities for SME development together with Banks, Microfinance and Venture Investors)

(၄) အခွန်ပေးဆောင်မှု လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အသိပညာပေးဆွေးနွေးပွဲနှင့် သင့်တင့်မျှတသော အခွန်ကောက်ခံမှုစနစ်တစ်ခုဖြစ်ရေး ညှိနှိုင်းဆွေးနွေးပွဲ - (Awareness raising in Revenue Model and Fair Taxation System Dialogue)

(၅) မြန်မာ့ဆားလုပ်ငန်း မဟာဗျူဟာမြောက် ဈေးကွက်ဖော်ဆောင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ - (Salt Industry - Cooperative Market Strategy Workshop)တို့ ဖြစ်ကြသည်။

၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် SME အောဂျင်စီမှ ဦးဆောင်ပြုလုပ်သော မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အဆင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက် (MSME Action Plan) အလုပ်ရုံဆွေးနွေးပွဲများ တွင် ဒေသတွင်း မိတ်ဖက်အဖွဲ့အစည်းအနေဖြင့်ပါဝင်ခဲ့ပြီး MSME ကဏ္ဍ ဖွံ့ဖြိုး တိုးတက်စေရန် တိုင်းနှင့်ပြည်နယ်များတို့၏ ကွဲပြားသည့် အခြေအနေနှင့် ရေခံမြေခံ စီးပွားရေးအခြေအနေများအရ ရှိသင့်ရှိထိုက်သည့် လိုအပ်နေသော အဖွဲ့အစည်းဆိုင်ရာ မူဘောင် (Institutional Framework)များအကြောင်း ဆွေးနွေးခဲ့သည်။ NEI အနေဖြင့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် ဆက်စပ်ပတ်သက် နေသော အစိုးရဌာနဆိုင်ရာများ၏ လုပ်ဆောင်ချက်နှင့် လုပ်ငန်းစဉ်ထိရောက်မှုဖြစ်စေရန် အဖွဲ့အစည်းဆိုင်ရာ မူဘောင်အကဲဖြတ် လေ့လာဆန်းစစ်မှုများပြုလုပ်ရန် ထပ်မံ ကတိပြု ခဲ့သည်။ ထို့ပြင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးမှုအတွက်သာမက အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီအတွက် အကျိုးရှိမည့် ပံ့ပိုးမှု များကို ဆောင်ရွက်ရန် သဘောတူညီခဲ့သည်။

## ၁.၂ MSMEs နှင့် ဈေးကွက်စီးပွားရေးစနစ် ဆက်စပ်မှု



၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၃၅)အရ နိုင်ငံတော်၏ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်ဟု ပြဋ္ဌာန်းပါရှိသည်။

ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေကြသော နိုင်ငံများက လက်ခံထားကြသည့် ဘောဂဗေဒသီအိုရီများအရ ဈေးကွက်စီးပွားရေးစနစ်တွင် အောက်ဖော်ပြပါ ဝိသေသ လက္ခဏာ (၆)ခုရှိကာ ၎င်းတို့ ခိုင်မာအားကောင်းအောင် ဖော်ဆောင်ပေးနိုင်မှသာ ဒေသတွင်းနှင့် နိုင်ငံတကာစီးပွားရေးအသိုက်အဝန်းများသို့ဝင်ဆန့်နိုင်မှုအခွင့်အလမ်းများ၊ ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းစုများအကြားနှင့် နိုင်ငံတကာ လာရောက် ရင်းနှီးမြှုပ်နှံမှု များမှ ပေါ်ပေါက်လာမည့် စီးပွားရေးပတ်ဝန်းကျင် အခင်းအကျင်းများတွင် ယှဉ်ပြိုင်နိုင်စွမ်း အားကောင်းလာမည်ဖြစ်သည်။ ထိုမှတစ်ဆင့်လည်း မြန်မာနိုင်ငံမှ လက်ခံကျင့်သုံးထား သည့် ဈေးကွက်စီးပွားရေးစနစ်အတွက် တိုက်ရိုက် အထောက်အကူပြုသည့် စီးပွားရေး ကဏ္ဍ အခြေခံအဆောက်အဦးများ ပြုပြင်ပြောင်းလဲရေး ဖြစ်လာပေမည်။

Private Property - ပြည်တွင်းထုတ်ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုကဏ္ဍ အများစုကို ပြည်သူအများစုမှ ပိုင်ဆိုင်လုပ်ပိုင်ခွင့်ပေးထားရန် လိုပါသည်။ ဥပမာ ပိုင်ဆိုင်မှု များကို ရှင်းလင်းစွာ ပြဋ္ဌာန်းပေးထားခြင်း။ ကန့်သတ်ချက်အနည်းငယ်မှအပ လွှဲပြောင်း ရောင်းချနိုင်သည့် မူဝါဒများ အကောင်အထည်ဖော်ပေးခြင်း။



Freedom of Choice - မိမိလုပ်ဆောင်ချင်သည့် လုပ်ငန်းကို လွတ်လပ်စွာ ရွေးချယ်နိုင်စွမ်းရှိရန် လိုအပ်ပါသည်။ ထို့အတွက် လုပ်ငန်းလုပ်ဆောင်ရမည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာရလွယ်ကူသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ဖြစ်စေရန်အတွက် ပြဋ္ဌာန်းပေးထားရမည်ဖြစ်ပြီး ရှင်းလင်းစွာ နားလည်နိုင်ရန်လည်း စီစဉ် ဆောင်ရွက်ပေးရမည်ဖြစ်သည်။

Motive of Self-interest - လူအများစု စီးပွားရေး လုပ်ချင်လာရန် အတွက်လမ်းကြောင်းဖော်ဆောင်ပေးရမည် ဖြစ်သည်။ ဘဏ်စုငွေအတိုးနှုန်းများနေခြင်းသည်ပင် လူအများ အလုပ်လုပ်ရန် ဝန်လေးစေသော အကြောင်းရင်းဖြစ်သကဲ့သို့ လုပ်ငန်းကို ကောင်းစွာ လည်ပတ်နိုင်ရန် အသိပညာ အတတ်ပညာများ ပံ့ပိုးပေးနိုင်ဖို့လည်း လိုအပ်ပါသည်။

Competition - ဈေးကွက်အတွင်း ယှဉ်ပြိုင်နိုင်စွမ်းကောင်းလာသည်နှင့်အမျှ ပြည်သူများသည် ထုတ်ကုန်ပစ္စည်းများကို အဖိုးနှုန်း ချိုသာစွာဖြင့် သော်လည်းကောင်း၊ ပိုကောင်းသော ဝန်ဆောင်မှုသော်လည်းကောင်း ရရှိနိုင်မည်ဖြစ်ပါသည်။ ထို့အတွက် တရားမျှတသော၊ ဈေးကွက်ယှဉ်ပြိုင်မှုကို အားပေးသော ဝယ်လိုအားနှင့် ရောင်းလိုအားတို့ ဖြစ်ပေါ် စေရန်နှင့် တစ်ဦးတည်းဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ၊ ဈေးကွက်ကို လက်ဝါးကြီးအုပ်ချုပ်ကိုင် ချယ်လှယ်မှုများ မဖြစ်စေရန် မူဝါဒများ၊ ဥပဒေများ၊ နည်းဥပဒေများဖြင့် ထိန်းကျောင်းပေးနိုင်ပါသည်။

System of Markets and Prices - စီးပွားရေးလုပ်ဆောင်နိုင်ရန်အတွက် သတင်းအချက်အလက်များကို မှန်မှန်ကန်ကန်နှင့် အချိန်နှင့် တပြေးညီ ရရှိနိုင်ရန်အတွက် ဖော်ဆောင်ပေးရမည်ဖြစ်ပါသည်။ သို့မှသာ လုပ်ငန်းလုပ်ဆောင်သူများမှ မည်သည့် ဈေးကွက်သို့ ရောင်းချသင့်သည်ကို ဆုံးဖြတ်နိုင်မည်ဖြစ်ပြီး ငွေကြေးအမြတ်စွန်း ပိုမိုရရှိနိုင်မည်ဖြစ်ပါသည်။ နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများ ငွေကြေးအကျိုးမြတ် ပိုများလာသည်နှင့်အမျှ အခွန်ဘဏ္ဍာငွေများပါ ပိုမိုကောက်ခံ ရရှိနိုင်မည်ဖြစ်သည်။

Limited Government - အစိုးရ၏ အခန်းကဏ္ဍမှာ ဈေးကွက်တွင်း ပြည်သူများ လွတ်လပ်စွာ လုပ်နိုင်စွမ်းရှိမရှိ ထိန်းကျောင်းပေးနေရန်နှင့် ပြည်တွင်းပြည်ပဈေးကွက်များ ပေါ်ပေါက်လာနိုင်ရေးကို ဖော်ဆောင်ပေးရန် လိုအပ်ပါသည်။ တစ်ဖက်တွင်လည်း မိမိနိုင်ငံသားများ၏ အကျိုးစီးပွားကို ကာကွယ်ပေးရန် လိုအပ်ပါသည်။ မိမိနိုင်ငံသားများ၏ အကျိုးစီးပွားဟု ဆိုလျှင် နိုင်ငံသားအချင်းချင်း ဗိုလ်ကျလုပ်ဆောင်နေခြင်း မရှိရန်နှင့် နိုင်ငံပြင်ပမှ လုပ်ငန်းရှင်ကြီးများ၏ ဩဇာလက်အောက်ခံမဖြစ်စေရန် တတ်နိုင်သမျှ ထိန်းကျောင်းကာကွယ်ပေးသော မူဝါဒများ ချမှတ်ထားဖို့ လိုပါသည်။



အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေး လုပ်ငန်းစုများ (MSMEs or SMEs) သည် ပုံစံအမျိုးမျိုးသော စီးပွားရေးစနစ်များတွင် အခရာအကျဆုံးသော အခြေခံ လုပ်ငန်းစုဖြစ်သည်။

၂၀၁၅ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် မြန်မာနိုင်ငံ အသေးစား အငယ်စား အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒတွင် MSME ကဏ္ဍ၏ အရေးပါပုံလည်း အထူးအလေးထား ဖော်ပြထားပြီး ယင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာပါက စီးပွားရေး မတည်ငြိမ်သည့် ကာလများ၌ပင် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအား ထိန်းကျောင်းပေးနိုင်စွမ်း ရှိကြောင်းလည်း ဖော်ပြထားသည်။


၎င်းမူဝါဒ၌ပင် MSME ကဏ္ဍသည် ပုဂ္ဂလိက စီးပွားရေးကဏ္ဍ၏ ကျောထောက်နောက်ခံဖြစ်သကဲ့သို့ တီထွင်စမ်းသပ်မှုများ၏ အဓိကအရင်းအမြစ်များအဖြစ်လည်းကောင်း၊ အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးနိုင်စွမ်း၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် စွန့်ဦးတီထွင်လုပ်ငန်းစုများ၏ အစပြုရာ နေရာအဖြစ်လည်းကောင်း ထောက်ပြထား ပေးသည်။

အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းစုများ (MSMEs or SMEs)သည် နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စီးပွားရေးတည်ငြိမ်ရေး တို့အတွက်လည်း အရေးပါသည့်အပြင်၊ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် လုပ်ငန်း အသစ်များ ထပ်မံဖြစ်ပေါ်လာစေပြီး အလုပ်အကိုင် အခွင့်အလမ်းများလည်း ထပ်မံ ဖန်တီးပေးနိုင်မှုရှိခြင်းတို့ကြောင့် ၎င်းတို့သည် အထူးအရေးပါသည့် အခန်းကဏ္ဍတွင် ပါဝင်နေပေသည်။

အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းစုများ (MSMEs or SMEs)မှတစ်ဆင့် နိုင်ငံတွင်း ငွေကြေးလှည့်ပတ်စီးဆင်းမှုအား စဉ်ဆက်မပြတ် ဖြစ်ပေါ် နေစေပြီး ထိုငွေကြေးလှည့်လည်မှုမှတစ်ဆင့် နိုင်ငံတကာမှ လက်ခံထားသည့် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်းတစ်ရပ် ဖြစ်သည့် GDP တိုးတက်လာစေရန်လည်း အထောက်အကူပြုနိုင်ပေသည်။

အာရှဖွံ့ဖြိုးရေးဘဏ်၏ အဆိုအရ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းစုများ (MSME or SME)သည် အာရှစီးပွားရေး အခင်းအကျင်း၏ ကျောထောက်နောက်ခံကောင်းများဖြစ်ကာ အဆိုအရ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းစုများ (MSME or SME)သည် အာရှတိုက်၏ စီးပွားရေး ၉၆ ရာခိုင်နှုန်းကို ကိုယ်စားပြုထားကာ သုံးပုံနှစ်ပုံသော ပုဂ္ဂလိကကဏ္ဍဆိုင်ရာ အလုပ် အကိုင် အခွင့်အလမ်းများကို ထိုစီးပွားရေးလုပ်ငန်းများမှတစ်ဆင့် ဖန်တီးပေးနေကြောင်း ထောက်ပြထားသည်။

ထို့ပြင် ရန်ကုန်မြို့၌ အခြေစိုက်ရုံးဖွင့်လှစ်၍ လုပ်ကိုင်နေသည့် ကော်ပိုရိတ်ဆိုင်ရာ ဥပဒေအကြံပေးအဖွဲ့တစ်ခုဖြစ်သော Charltons Legal Consulting (CLC) အဖွဲ့၏ အဆိုအရ နိုင်ငံတွင်း လည်ပတ်လုပ်ကိုင်နေသည့် ၉၉ ဒသမ ၄ ရာခိုင်နှုန်းသော လုပ်ငန်း များသည် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းစုများ (MSMEs or SMEs) ထဲတွင် ပါဝင်နေသည်ဟု ဆိုထားသည်။



ယင်းအဖွဲ့၏အဆိုအရပင် အဆိုအရ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းစုများ (MSMEs or SMEs)သည် နိုင်ငံတွင်းရှိ အလုပ်အကိုင် အခွင့်အလမ်းများကို ၅၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအထိ ဖန်တီးပေးနိုင်သည့် အခြေအနေတွင် ရှိနေသည်။

အာဆီယံ အသင်းဝင်နိုင်ငံများထဲတွင်လည်း GDP အနေဖြင့် ၃၀ ရာခိုင်နှုန်းမှ ၅၃ ရာခိုင်နှုန်းအထိ ပါဝင်နေသည်။

ထို့ကြောင့် နိုင်ငံ၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အခရာဖြစ်သော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းစုများ (MSMEs or SMEs) ဖွံ့ဖြိုးလာစေရေးအတွက် နိုင်ငံတော်အစိုးရမှ မျှော်မှန်းချက်ထားရှိပြီး ယင်း SME မျှော်မှန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

*"ကဏ္ဍအသီးသီးရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် ဒေသတွင်းရှိ စီးပွားရေးကွန်ရက်အတွင်း၌ တီထွင်ဆန်းသစ်မှုနှင့် ယှဉ်ပြိုင်နိုင်မှု စွမ်းရည်ကောင်းများ မြင့်မားလာပြီး၊ နိုင်ငံသားများ၏ အလုပ်အကိုင် အခွင့်အလမ်း တိုးပွားရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဦးဆောင်သွားနိုင်ရန်"*

ထိုမျှော်မှန်းချက်အတိုင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းစုများ (MSMEs or SMEs)အား မြှင့်တင်ပေးနိုင်ရန်နှင့် ၎င်းတို့ လုပ်သာကိုင်သာရှိသည့် စီးပွားရေးပတ်ဝန်းကျင်ကောင်းများ ဖြစ်လာစေရန် လိုအပ်နေသည်။

ဤကဏ္ဍ အားကောင်းလာစေရန်အတွက် ၎င်းတို့ အခက်အခဲဖြစ်နေစေသည့် လုပ်ထုံးလုပ်နည်း မူဝါဒလုပ်ငန်းစဉ်များအား ပြန်လည်သုံးသပ်ချမှတ်ရန်နှင့် သက်ဆိုင်ရာဌာနဆိုင်ရာအချင်းချင်း ညှိနှိုင်းဆောင်ရွက်နိုင်မည့် ယန္တရားများကို အကောင်အထည်ဖော်ကာ ဖြေလျော့မှုပြုလုပ်ပေးရန် အရေးတကြီး လိုအပ်နေပေသည်။

## ၁.၃ လေ့လာဆန်းစစ်မှု၏ ရည်ရွယ်ချက်

မြန်မာနိုင်ငံသည် အာဆီယံ လွတ်လပ်သောကုန်သွယ်မှု သဘောတူညီချက်တွင် ပါဝင်ရန် လက်မှတ်ရေးထိုးထားပြီးဖြစ်သကဲ့သို့ ၁ရက်၊ ဇန်နဝါရီလ၊ ၂၀၁၉ ခုနှစ်တွင် CMLV နိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နိုင်ငံတို့နှင့်အတူ အာဆီယံ စီးပွားရေးအသိုက်အဝန်းတွင် ပါဝင်ခဲ့ပြီဖြစ်သည်။ အိမ်နီးချင်းနိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဖော်ဆောင်နေသော Belt and Road Initiative-BRI စီမံကိန်းသည်လည်း မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးမှုအတွက် အကောင်းအဆိုး ဒွန်တွဲမှု ကြီးစွာရှိနေသည်။ ပြောင်းလဲလာသည့် စီးပွားရေးစနစ်များနှင့် ကမ္ဘာလုံးဆိုင်ရာ နည်းပညာလွှမ်းမိုးမှုအောက်တွင် မြန်မာ့စီးပွားရေးသည် အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများစွာရှိနေသောကြောင့် မဟာဗျူဟာကျကျ ကြိုတင်စီစဉ်ရေးဆွဲ အကောင်အထည်ဖော်နိုင်ဖို့ လိုပါသည်။ ဒေသအလိုက် ယှဉ်ပြိုင်နိုင်စွမ်းများကို ဖော်ထုတ်ရန် လိုအပ်သည့်အပြင် ဒေသတွင်း MSME များ ရေရှည်ရှင်သန်ဖွံ့ဖြိုးနိုင်ရန် အစိုးရ၏ အထောက်အကူပြုမှုဘောင်များသည်လည်း အရေးပါနေသည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ မြန်မာနိုင်ငံ၏ နိုင်ငံရေးစနစ်တွင် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးဟူ၍ မဏ္ဍိုင်ကြီးသုံးရပ်ပေါ်ထွက်လာသည်။ ဤလေ့လာ

ဆန်းစစ်မှုတွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အခြေခံပြီး အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးတို့၏ အခန်းကဏ္ဍများတွင် ဗဟိုချုပ်ကိုင်မှု လျှော့ချရေးလုပ်ငန်းစဉ် အခြေအနေနှင့် အကျိုးသက်ရောက်မှုများကို အဓိက လေ့လာထားပါသည်။ အသေးစိတ်ရည်ရွယ်ချက်များမှာ -


- အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗဟိုချုပ်ကိုင်မှု လျှော့ချရေးနှင့် ပတ်သက်ပြီး လုပ်ငန်းရှင်များ၏ သဘောထားကို လေ့လာဆန်းစစ်ရန်။
- အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗဟိုချုပ်ကိုင်မှု လျှော့ချရေးနှင့် ပတ်သက်ပြီး ဥပဒေပြုလွှတ်တော်များ၏ အခန်းကဏ္ဍကို လေ့လာဆန်းစစ်ရန်။
- အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးကဏ္ဍတွင် ပတ်သက်နေသော အစိုးရဌာနဆိုင်ရာများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းအေဂျင်စီ၏ အခန်းကဏ္ဍကို လေ့လာဆန်းစစ်ရန်။
- လေ့လာတွေ့ရှိချက်များကို အခြေခံကာ လက်တွေ့ကျပြီး ပိုမိုကောင်းမွန်သော ပြည်သူ့ရေးရာဝန်ဆောင်မှုများ ပြုလုပ်နိုင်ရေးအတွက် အကြံပြုချက်များ ပေးနိုင်ရန်။
- ဗဟိုချုပ်ကိုင်မှု လျှော့ချရာတွင် အဓိကကျသော အာဏာခွဲဝေမှုများတွင် မည်သည့်အစိတ်အပိုင်း (သို့မဟုတ်) လုပ်ငန်းစဉ်များကို အဓိကထား၍ လုပ်ဆောင်သင့်သည်ကို လေ့လာဆန်းစစ်ရန်။
- လက်ရှိအုပ်ချုပ်ရေး ယန္တရားပုံစံနှင့် စီမံချက်များကို အကောင်အထည်ဖော်နေသော အစိုးရဌာနဆိုင်ရာများ၏ စွမ်းဆောင်ရည်ကို လေ့လာဆန်းစစ်နိုင်ရန်။
- ဗဟိုချုပ်ကိုင်မှုလျှော့ချရာတွင် တွေ့ကြုံလာနိုင်သည့် အခွင့်အလမ်းနှင့် စိန်ခေါ်မှုများကို လေ့လာဆန်းစစ်နိုင်ရန်။

### ၁.၄ ဗဟိုချုပ်ကိုင်မှုလျှော့ချရေး (Decentralization)၏ အဓိပ္ပါယ်ဖွင့်ဆိုချက်များ

ကမ္ဘာ့ဘဏ် (World Bank)၏ အဓိပ္ပါယ်ဖွင့်ဆိုချက်အရ ဗဟိုချုပ်ကိုင်မှု လျှော့ချရေးဆိုသည်မှာ အစိုးရ၏ ပြည်သူ့ရေးရာ ဝန်ဆောင်မှုလုပ်ငန်းများအတွက် အာဏာနှင့် လုပ်ပိုင်ခွင့်များ၊ တာဝန်များကို ဗဟိုအစိုးရကနေ၍ ဒေသဆိုင်ရာ အစိုးရများ၊ အစိုးရသြဇာခံအသင်းအဖွဲ့များ (ဥပမာ - ကြက်ခြေနီအသင်း၊ အမျိုးသမီးရေးရာအသင်း) သို့မဟုတ် ပုဂ္ဂလိကကဏ္ဍများထံသို့ ပုံစံမျိုးစုံဖြင့် လွှဲပြောင်းပေးခြင်းပင်ဖြစ်သည်။ ဗဟိုချုပ်ကိုင်မှုလျှော့ချရေးလုပ်ငန်းစဉ်သည်နက်နဲရှုပ်ထွေးသောလုပ်ငန်းစဉ်တစ်ရပ်ဖြစ်၍ကား ယင်းကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း တိုင်းပြည်၏ နိုင်ငံရေး အခြေအနေနှင့် လိုအပ်ချက်အပေါ် မူတည်ပြီး ပုံစံမျိုးစုံ ဖြစ်နိုင်သည်။

ဗဟိုချုပ်ကိုင်မှုလျှော့ချရေး အမျိုးအစားများကို ယေဘုယျအားဖြင့် နိုင်ငံရေးဆိုင်ရာ ဗဟိုချုပ်ကိုင်မှုလျှော့ချရေး၊ အုပ်ချုပ်မှုဆိုင်ရာ ဗဟိုချုပ်ကိုင်မှု လျှော့ချရေး၊

ဘဏ္ဍာရေးဆိုင်ရာ ဗဟိုချုပ်ကိုင်မှု လျှော့ချရေး၊ ဈေးကွက်ဆိုင်ရာ ဗဟိုချုပ်ကိုင်မှု လျှော့ချရေးဟူ၍ ခွဲခြားရှုမြင်နိုင်ပါသည်။




ပုံ ၁ - ဗဟိုချုပ်ကိုင်လျှော့ချရေး အမျိုးအစားများ

နိုင်ငံရေးဆိုင်ရာ ဗဟိုချုပ်ကိုင်မှု လျှော့ချရေးတွင် ဆုံးဖြတ်ချက်ချမှတ်ခြင်း အာဏာနှင့် တာဝန်ခံမှုကို ဒေသဆိုင်ရာအဆင့်သို့ လွှဲပြောင်းပေးခြင်းဟု အကြမ်းဖျင်း မှတ်ယူနိုင်သည်။ ဒေသဆိုင်ရာ အစိုးရများအနေဖြင့် လုပ်ပိုင်ခွင့် အခွင့်အာဏာများ ရရှိပြီး မိမိတို့ လုပ်ဆောင်ချက်များကို ကိုယ်တိုင် တာဝန်ခံရမည်ဖြစ်သည်။

အုပ်ချုပ်ရေးဆိုင်ရာ ဗဟိုချုပ်ကိုင်မှု လျှော့ချရေးသည် ပြည်သူ့ရေးရာဝန်ဆောင်မှု များအား စီမံခန့်ခွဲရာတွင် အသီးသီးသော လုပ်ပိုင်ခွင့်များကို အစိုးရဌာနဆိုင်ရာ အဆင့်ဆင့်သို့ ဖြန့်ကျက်ချမှတ်၍ ခွဲဝေကျင့်သုံးခြင်းဖြစ်သည်။ တနည်းအားဖြင့် ကဏ္ဍ အသီးသီးတို့၏ လုပ်ပိုင်ခွင့်အာဏာများကို သက်ဆိုင်ရာ အစိုးရဌာနဆိုင်ရာ အဆင့်ဆင့်သို့ လုပ်ပိုင်ခွင့်အာဏာများနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုကို ခွဲဝေပေးခြင်းဖြစ်သည်။

ဘဏ္ဍာရေးဆိုင်ရာ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းဆိုသည်မှာ ငွေကြေးသုံးစွဲမှုများနှင့် သက်ဆိုင်သော လုပ်ပိုင်ခွင့်များကို အဆင့်အဆင့်တာဝန်ယူစေပြီး သုံးစွဲမှုတို့အား တာဝန်ခံခိုင်းစေခြင်းဖြစ်သည်။ ဒေသဆိုင်ရာ အစိုးရများအနေဖြင့် ဘတ်ဂျက်များကို ကိုယ်တိုင်ရေးဆွဲကာ ဗဟိုအစိုးရသို့ တင်ပြခြင်း၊ အခွန်အခများကို ကိုယ်တိုင် ကောက်ခံ ခြင်းနှင့် သုံးစွဲခြင်းတို့ပြုနိုင်ခြင်းကို ဆိုလိုသည်။

## ၁.၅ လေ့လာဆန်းစစ်မှုတွင် အသုံးပြုသော နည်းလမ်းများ

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့သည် မြန်မာနိုင်ငံ၏ အရှေ့တောင်ဘက်တွင် တည်ရှိပြီး အာရှ၏ အရှေ့ - အနောက်စကြံနိလမ်းကြောင်းပေါ်တွင် တည်ရှိနေသည်။ ပထဝီစီးပွားရေးအနေအထားအရ အရေးပါသော နေရာတစ်ခုအနေဖြင့် ပါဝင်နေသော ကြောင့်လည်းကောင်း၊ ဤသုတေသနပြုလုပ်ချိန်၌ ရရှိသည့် အချိန်အကန့်အသတ်ကြောင့် ထိုဒေသ ၂ ခု ကိုသာ ဦးတည်လေ့လာဆန်းစစ်မှု ပြုလုပ်ထားသည်။

### ၁.၅.၁ ပဏာမစစ်တမ်း ကောက်ယူခြင်း

ပဏာမစစ်တမ်း ကောက်ယူခြင်းကို ကြိုတင်ပြင်ဆင်ထားသော မေးခွန်းလွှာ (Structured Questionnaire Form)ကို အသုံးပြုခဲ့သည်။ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် တို့မှ စီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းဝင်များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များကို အဓိက ကောက်ယူသည်။ မွန်ပြည်နယ်ရှိ မြို့နယ် (၁၀)မြို့နယ်ကို လွှမ်းခြုံကောက်ယူပြီး ကရင် ပြည်နယ်ရှိ ဘားအံနှင့်မြဝတီမြို့က စီးပွားရေးလုပ်ငန်းရှင်များကို ကောက်ယူခဲ့သည်။ စစ်တမ်းကောက်ယူရာတွင် မွန်ပြည်နယ်တွင် ၁၅၀ ဦးနှင့် ကရင်ပြည်နယ်တွင် ၄၉ ဦး၊ စုစုပေါင်း (၁၉၉)ဦးကို ဒီဇင်ဘာလ (၂၀၁၈) တစ်လအတွင်း ကောက်ယူနိုင်ခဲ့သည်။

ပဏာမစစ်တမ်းတွေ့ရှိချက်ပေါ် အခြေခံပြီး တွေ့ဆုံမေးမြန်းရန် လိုအပ်သည့် အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများကို ရွေးချယ်ခဲ့သည်။ ထို့နောက် မူဝါဒချမှတ်သူနှင့် အကောင်အထည်ဖော်နေသူများကို တွေ့ဆုံမေးမြန်းမှုများကို (၂၀၁၉) ခုနှစ် ဧပြီလမှ စက်တင်ဘာလ - (၆)လတာအတွင်း ပြုလုပ်ခဲ့ပါသည်။

### ၁.၅.၂ ဥပဒေပြုရေးမဏ္ဍိုင်တွင် ပါဝင်သူများနှင့် တွေ့ဆုံမေးမြန်းခြင်း။

In depth အင်တာဗျူးကို ပြည်ထောင်စုအဆင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ရှိ ပြည်နယ်အဆင့် လွှတ်တော်ကိုယ်စားလှယ်များကို ပြုလုပ်ခဲ့သည်။

### ၁.၅.၃ အစိုးရဌာနဆိုင်ရာများနှင့် တွေ့ဆုံမေးမြန်းခြင်း။

Key informant အင်တာဗျူးကို MSME အေဂျင်စီတွင် ပါဝင်သော ပြည်ထောင်စုအဆင့် ဌာနဆိုင်ရာအချို့မှ ဒု-ညွှန်ကြားရေးမှူးချုပ်သို့ ညွှန်ကြားရေးမှူး အဆင့် တာဝန်ရှိသူများနှင့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ရှိ အသေးစားနှင့် အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် သက်ဆိုင်သော အစိုးရဌာနဆိုင်ရာများမှ ညွှန်ကြားရေးမှူး (သို့မဟုတ်) ဒု-ညွှန်ကြားရေးမှူး (သို့မဟုတ်) လက်ထောက်ညွှန်ကြား ရေးမှူးများကို ပြုလုပ်ခဲ့သည်။




# အပိုင်း (၂)

## မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက် အစိုးရ၏ အခန်းကဏ္ဍ


## အပိုင်း (၂) မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက် အစိုးရ၏ အခန်းကဏ္ဍ

(၂၀၁၂) ခုနှစ်တွင် စက်မှုဝန်ကြီးဌာနလက်အောက် ထားရှိကာ SME center ကို အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ စတင်ဖွဲ့စည်းခဲ့သည်။

(၂၀၁၄) ခုနှစ်တွင် ဌာနတစ်ခုအနေဖြင့် တိုးချဲ့ကာ ပြင်ဆင်ဖွဲ့စည်း လုပ်ဆောင်ခဲ့သည်။

(၂၀၁၅) ခုနှစ်တွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေနှင့် မူဝါဒကို ပြဌာန်းခဲ့သည်။


(၂၀၁၆)ခုနှစ်တွင် နည်းဥပဒေကို အတည်ပြုခဲ့ပြီး ဥပဒေကို အကောင်အထည်ဖော်သောအားဖြင့် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီ၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ဌာနအကြီးအမှူးများ၊ အသင်းအဖွဲ့များမှ သင့်လျော်သည့် ကိုယ်စားလှယ်များ၊ ပညာရှင်များပါဝင်သည့် SME အေဂျင်စီကို (၂၀၁၈)ခုနှစ် ဇန်နဝါရီလတွင် အသီးသီး စတင်ဖွဲ့စည်း လုပ်ဆောင်ခဲ့သည်။




ပုံ ၂ - MSME အဖွဲ့အစည်းမူဘောင်ဖြစ်စဉ်

## ၂.၁ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ

အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ခြင်းသည် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကကျပြီး များစွာအရေးပါသည်။ မြန်မာနိုင်ငံတွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒကို ၂၀၁၅ ခုနှစ်တွင် ပြဌာန်းခဲ့သည်။ ထိုမူဝါဒနှင့်အညီ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြည်ထောင်စုလွှတ်တော်က ပြဌာန်းခဲ့သည်။ နည်းဥပဒေကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလတွင် ထပ်မံပြဌာန်းခဲ့သည်။ ထိုဥပဒေ၏ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံအတွင်းရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အထောက်အပံ့များ ထိထိရောက်ရောက် ကူညီပံ့ပိုးပေးခြင်းဖြင့် နိုင်ငံတွင်း အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်လာပြီး နိုင်ငံသားတို့၏ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာစေရန် ဖြစ်သည်။




ပုံ ၃ - MSME ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၊ အေဂျင်စီနှင့် အေဂျင်စီရုံးခွဲများ ဖွဲ့စည်းပုံ

| Evaluating and Reporting Body | |
|---|---|
| Notification No (1/2018) | |
| Member | 10 |
| Chair | U Khin Maung Kyaw (Patron) MES |
| Vice - Chair | U Kyaw Myo Vice - Minister |
| Secretary | U Aung Kyi Soe General Secretary UMFCCI |

| SME Agency | |
|---|---|
| Notification No (2/2018) | |
| Member | 18 |
| Chair | U Aung Htoo Vice - Minister |
| Vice - Chair | U Zaw Minn Win Chair, UMFCCI |
| Secretary | Daw Aye Aye Win Director General DISI |

| Fund Management Body | |
|---|---|
| Notification No (3/2018) | |
| Member | 12 |
| Chair | U Soe Win Union Minister |
| Vice - Chair | U Aung Htoo Vice - Minister |
| Secretary | Daw Nwet Nwet Win Director General Budget Department |

ပုံ ၄ - လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့၊ အေဂျင်စီနှင့် ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ ဦးဆောင်ပါဝင်သူများ

### ဗဟိုကော်မတီ

| | | |
|---|---|---|
| ဥက္ကဋ္ဌ | - | နိုင်ငံတော်သမ္မတ |
| ဒုဥက္ကဋ္ဌများ | - | ဒုတိယသမ္မတများ |
| အဖွဲ့ဝင်များ | - | သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ |
| အဖွဲ့ဝင်များ | - | စီးပွားရေးဆိုင်ရာ အသင်းအဖွဲ့များမှ သင့်လျော်သော ကိုယ်စားလှယ်နှင့် စီးပွားရေးပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်ပုဂ္ဂိုလ်များ |

### လုပ်ငန်းကော်မတီ

| | | |
|---|---|---|
| ဥက္ကဋ္ဌ | - | ဒုတိယသမ္မတ |
| ဒုဥက္ကဋ္ဌများ | - | တာဝန်ခံဝန်ကြီးဌာန ၊ ပြည်ထောင်စုဝန်ကြီး |
| အဖွဲ့ဝင် | - | သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီး (သို့ မဟုတ်) ဒုတိယဝန်ကြီးများ |
| အဖွဲ့ဝင် | - | သက်ဆိုင်ရာတိုင်းဒေသကြီး (သို့ မဟုတ်) ပြည်နယ်ဝန်ကြီးချုပ်များ ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ |
| အဖွဲ့ဝင် | - | အစိုးရဌာန ၊ အစိုးရအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ |
| အဖွဲ့ဝင် | - | အသင်းအဖွဲ့ များမှ သင့်လျော်သောပုဂ္ဂိုလ်များ ၊ စီးပွားရေးပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များ ။ |

### လုပ်ငန်းသုံးသပ်မှု လုပ်ငန်းကော်မတီ

လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့ ကို ဖွဲ့ စည်းနိုင်ရန် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသောပုဂ္ဂိုလ်များ ၏ အမည်စာရင်းကိုပြုစုပြီး ဗဟိုကော်မတီသို့ တင်ပြ၍ သဘောတူညီချက် တောင်းခံရမည် -

(က) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ပကတိအခြေအနေမှန်နှင့် လိုအပ်ချက်များကိုအခြေခံကျကျ နားလည်သူဖြစ်ခြင်း ။

( ခ) နိုင်ငံတကာ အတွေ့အကြုံရှိသူဖြစ်ခြင်း ။

( ဂ) စေ့စပ်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်မှု အားကောင်းသူဖြစ်ခြင်း ။

(ဃ) စီးပွားရေးဆိုင်ရာ ဥပဒေနှင့်မူဝါဒများကို တတ်ကျွမ်းနားလည်သူဖြစ်ခြင်း။

( င) မူဝါဒအကောင်းများ ဖော်ထုတ်နိုင်သည့် အရည်အချင်း ရှိသူဖြစ်ခြင်း ။

### MSME Agency

လုပ်ငန်းကော်မတီသည် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် သက်ဆိုင်ရာ အစိုးရဌာန အစိုးရအဖွဲ့ အစည်းများမှ ဌာနအကြီးအမှူးများ ။ အသင်းအဖွဲ့ များမှ သင့်လျော်သည့် ကိုယ်စားလှယ်များ ၊ ပညာရှင်များ ပါဝင်သည့် အေဂျင်စီကို ဖွဲ့ စည်းရမည် ။

### ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းခြင်း ။

လုပ်ငန်းကော်မတီသည် ဗဟိုကော်မတီမှ တာဝန်ပေးအပ်ခြင်းခံရသူကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ အစိုးရဌာနများမှ ဌာနအကြီး အမှူးများ၊ ငွေကြေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ ၊လုပ်ငန်းရှင် ကိုယ်စားလှယ်များကို အဖွဲ့ဝင်များ အဖြစ်လည်းကောင်းပါဝင်စေလျက် ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့ စည်းရမည်။

## ၂.၂ MSME အေဂျင်စီ

ဥပဒေပါ ပြဋ္ဌာန်းချက်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်အတွက် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီတို့ကို ပြည်ထောင်စုအဆင့်တွင် ဖွဲ့စည်းပြီး သတ်မှတ်ထားသော လုပ်ငန်းတာဝန်များကို ဆောင်ရွက်စေသည်။ လုပ်ငန်းကော်မတီသည် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ဌာနအကြီးအမှူးများ၊ အသင်းအဖွဲ့များမှ သင့်လျော်သည့် ကိုယ်စားလှယ်များ၊ ပညာရှင်များပါဝင်သည့် အေဂျင်စီကို ဖွဲ့စည်းသည်။ ဥပဒေပါ စကားရပ်၏ အဓိပ္ပါယ်ဖွင့်ဆိုချက်အရ အေဂျင်စီဆိုသည်မှာ ပြည်ထောင်စုအဆင့်တွင် ဖွဲ့စည်းထားသော အေဂျင်စီကိုဆိုလိုပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖွဲ့စည်းသည့် အေဂျင်စီကိုမူ အေဂျင်စီရုံးခွဲဟု ဆိုလိုသည်။

ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် တာဝန်ပေးအပ်ခြင်းခံရသူသည် အေဂျင်စီဥက္ကဋ္ဌဖြစ်ပြီး ဒုတိယဝန်ကြီး (ပြည်ထောင်စု)အဆင့်နှင့် ညီမျှသူဖြစ်ရမည်

ဖြစ်သည်။ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ရာတွင် အဓိကတာဝန်ယူ ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ကက တာဝန်ပေးအပ်သည့် ဝန်ကြီးဌာနမှ ညွှန်ကြား ရေးမှူးချုပ်သည် အေဂျင်စီအတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရသည်။ နိုင်ငံ့ဝန်ထမ်း ဟုတ်သော အေဂျင်စီအဖွဲ့ဝင်များ၏ သက်တမ်းသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သက်တမ်းအတိုင်း သတ်မှတ်ထားသည်။

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ-(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်-၂၃)တွင် ဖော်ပြထားသော အေဂျင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒကို အကောင်ထည်ဖော် ဆောင်ရွက်ခြင်း၊

( ခ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကို တိုးမြှင့်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် နှစ်ပတ်လည်တိုးတက်မှု အစီရင်ခံစာကို လုပ်ငန်းကော်မတီမှ တစ်ဆင့် ဗဟိုကော်မတီသို့ တင်သွင်းခြင်း၊

( ဂ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းသဘော သဘာဝအလိုက် ကြုံတွေ့နေရသော အခက်အခဲများ၊ လိုအပ်ချက်များကို လျော့နည်းစေရန် ပံ့ပိုးကူညီဆောင်ရွက်ခြင်း၊

(ဃ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို လိုအပ်သည့် ဝန်ဆောင်မှုများ ပေးနိုင်ရန်အတွက် ဒေသဆိုင်ရာ အေဂျင်စီရုံးခွဲများ တည်ထောင်ခြင်းနှင့် တစ်နေရာတည်း ဝန်ဆောင်မှုပေးသည့် အဖွဲ့များ တည်ထောင်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

( င) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်သော ဥပဒေပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

( စ) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် လိုအပ်သော အကြံဉာဏ်ပေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်းနှင့် သင်တန်းများပေးခြင်း၊

(ဆ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ တည်ထောင်နိုင်ရန် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက် ပေးခြင်း၊

( ဇ) သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ ဘဏ်များနှင့် ပူးပေါင်းလျက် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ငွေကြေးထောက်ပံ့မှု တိုးမြှင့်ရရှိစေရန် ငွေကြေးမဟုတ်သော ဝန်ဆောင်မှု များကို ဆောင်ရွက်ပေးခြင်း၊

( ဈ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းများ ပူးပေါင်း၍ စီးပွားရေးကွန်ရက်များ တည်ထောင် နိုင်ရန် ဆောင်ရွက်ပေးခြင်း၊

(ည) တီထွင်ကြံဆမှုနှင့် ဈေးကွက်ချဲ့ထွင်နိုင်ရေးကို မြှင့်တင်နိုင်ရန်အတွက် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ အချင်းချင်း ယှဉ်ပြိုင်ဆောင်ရွက်မှုကို တွန်းအားပေးခြင်း၊ ကုန်စည်နှင့် နည်းပညာပြပွဲများ ကျင်းပပေးခြင်း၊

( ဋ) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်သော အငြင်းပွားမှုများကို အကြံပေးခြင်း၊ ညှိနှိုင်းဖြန်ဖြေပေးခြင်းနှင့် ခုံသမာဓိနည်းဖြင့် ဖြေရှင်းနိုင်ရန် ကူညီဆောင်ရွက်ပေးခြင်း၊

( ဌ) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းဆိုင်ရာဥပဒေအတိုင်ပင်ခံ အဖွဲ့အစည်းများ၊ လုပ်ငန်းထူထောင်ရေး အတိုင်ပင်ခံ ဝန်ဆောင်မှုလုပ်ငန်းများတည်ထောင်နိုင်ရေးအတွက်ကူညီပံ့ပိုးဆောင်ရွက်ပေးခြင်း၊

( ဍ) အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့် ကိန်းဂဏန်းဆိုင်ရာ စာရင်းများကို ကောက်ယူခြင်း၊ အဆင့်ဆင့် စစ်ဆေးခြင်း မှတ်တမ်းတင်ထားရှိခြင်းနှင့် လိုအပ်ချက်နှင့်အညီ အသုံးပြုခြင်း၊

( ပ) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများကိုသတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ခွင့်ပြုနိုင်ရေးအတွက် စီမံဆောင်ရွက်ခြင်း၊ မှတ်ပုံတင်သက်တမ်း သတ်မှတ်ပေးခြင်း၊

(ဏ) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန် အပြည်ပြည်ဆိုင်ရာ ငွေရေးကြေးရေး အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအေဂျင်စီများ၊ စီးပွားရေးအသင်းအဖွဲ့များ၊ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ နှင့် ဆက်သွယ်ခြင်း၊

(တ) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုးတက်ရေးနည်းလမ်းများ အကောင်အထည်ဖော်ရန်အတွက် ငွေကြေး အဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ခြင်း၊ အကြံဉာဏ်ရယူခြင်း၊

(ထ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းအမျိုးအစားမှ ပြောင်းလဲဖြစ်ပေါ်လာပြီး နောက် ၃ နှစ်အထိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း၏ အဆင့်အတန်းကို ထိန်းသိမ်းထားရှိခြင်း။

## ၂.၃ MSME အေဂျင်စီရုံးခွဲများ

ဇဟိုကော်မတီနှင့် လုပ်ငန်းကော်မတီတို့၏ ခွင့်ပြုချက်နှင့်အညီ သက်ဆိုင်ရာ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် ပြည်ထောင်စုနယ်မြေတို့တွင် အေဂျင်စီရုံးခွဲများ ဖွဲ့စည်းဆောင်ရွက်သည်။ ထိုအေဂျင်စီများတွင် သက်ဆိုင်ရာဒေသ၏ ဝန်ကြီးချုပ် (သို့မဟုတ်) ဒေသဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့များသည် နာယကဖြစ်ပြီး စက်မှုဝန်ကြီးဌာနကို ပူးတွဲတာဝန်ခံသော တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ဝန်ကြီးသည် ထိုဒေသ အေဂျင်စီများ၏ ဥက္ကဋ္ဌဖြစ်သည်။ အတွင်းရေးမှူးအဖြစ် ဒေသခံ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးက ဆောင်ရွက်ပြီး တွဲဖက်အတွင်းရေးမှူးအဖြစ် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြား ရေးမှူးက ဆောင်ရွက်သည်။

နည်းဥပဒေတွင် ဒေသအဆင့် အေဂျင်စီများကို မည်သို့ဖွဲ့စည်းရမည်ဟု တိတိ ကျကျ ပြဋ္ဌာန်းဖော်ပြထားခြင်း မရှိသောကြောင့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် အေဂျင်စီ များတွင်ပင် ပါဝင်သည့် လူဦးရေအရေအတွက်နှင့် ဖွဲ့စည်းပုံ မတူကြပေ။ ဒေသအလိုက် MSME တိုးတက်နိုင်မှု အလားအလာပေါ်မူတည်၍ သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်အသင်းအဖွဲ့ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းနိုင်ခြင်း ရှိနေသည်ကို သတိပြု သင့်သည်။

SME နည်းဥပဒေပါ ပုဒ်မ ၁၂ အရ အေဂျင်စီရုံးခွဲများသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်။

(က) ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပက်သက်သော နည်းပညာနှင့် သတင်းအချက် အလက်များ ပံ့ပိုးခြင်း။

(ခ) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း။

(ဂ) ငွေကြေးထောက်ပံ့မှုနှင့် ဘဏ်များမှ ချေးငွေရရှိရေးဆိုင်ရာ ဝန်ဆောင်မှု ပေးခြင်း။

(ဃ) အသေးစားနှင့် အလတ်စား စီးပွားလုပ်ငန်းများ၏ သတင်းအချက် အလက်များ စုစည်းထိန်းသိမ်းခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

(င) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းတူအစု အဖွဲ့များ ဖြစ်ပေါ်ရေးကို အားပေးမြှင့်တင်ခြင်း။

(စ) နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်ခြင်း။

(ဆ) အေဂျင်စီက အခါအားလျော်စွာ ပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်း။

(ဇ) တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့် အဖွဲ့များ၏ လုပ်ငန်း ဆောင်ရွက်မှုများကို ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း။

## ၂.၄ ဒေသဆိုင်ရာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီများ ဖွဲ့စည်းခြင်း

၁။ နေပြည်တော် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီအဖွဲ့ဝင်များ

| | | |
|---|---|---|
| (က) | ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | နာယက |
| (ခ) | ကောင်စီဝင်<br>နေပြည်တော်ကောင်စီ | ဥက္ကဋ္ဌ |
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဃ) | အင်ဂျင်နီယာချုပ်<br>နေပြည်တော်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူး<br>နေပြည်တော်ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူး<br>နေပြည်တော်အကောက်ခွန်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူး<br>နေပြည်တော်စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယညွှန်ကြားရေးမှူး<br>နေပြည်တော် အသေးစားစက်မှုလက်မှုလုပ်ငန်း<br>ဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယညွှန်ကြားရေးမှူး<br>နေပြည်တော်ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ<br>ညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယညွှန်ကြားရေးမှူး<br>အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ<br>ဖွံ့ဖြိုးတိုးတက်ရေးဌာန | အဖွဲ့ဝင် |
| (ဋ) | အုပ်ချုပ်ရေးမှူး<br>နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အတွင်းရေးမှူး |
| (ဌ) | ညွှန်ကြားရေးမှူး<br>နေပြည်တော်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

**(နေပြည်တော်ကောင်စီ MSME အေဂျင်စီ အဖွဲ့ဝင် စုစုပေါင်း - ၁၂ ဦး)**

၂။ ကချင်ပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီအဖွဲ့ဝင်များ

| | | |
|---|---|---|
| (က) | ဝန်ကြီးချုပ်<br>ကချင်ပြည်နယ်အစိုးရအဖွဲ့ | နာယက |

( ခ) ဝန်ကြီး ဥက္ကဋ္ဌ
လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန
( ဂ) ပြည်နယ်ဦးစီးမှူး အဖွဲ့ဝင်
ကချင်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန
(ဃ) ဥက္ကဋ္ဌ အဖွဲ့ဝင်
ကချင်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း
( င) ပြည်နယ်ဦးစီးမှူး အဖွဲ့ဝင်
ကချင်ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
( စ) ပြည်နယ်မန်နေဂျာ အဖွဲ့ဝင်
ပြည်နယ်မြန်မာ့စီးပွားရေးဘဏ်
(ဆ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပြည်နယ်စည်ပင်သာယာရေးအဖွဲ့
( ဇ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပြည်တွင်းအခွန်များဦးစီးဌာန
( ဈ) ပြည်နယ်ဦးစီးမှူး အဖွဲ့ဝင်
အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန
(ည) လက်ထောက်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပြည်နယ် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ
ဖွံ့ဖြိုးတိုးတက်ရေးဌာန
( ဋ) ညွှန်ကြားရေးမှူး အတွင်းရေးမှူး
ကချင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
(ဌ) ညွှန်ကြားရေးမှူး တွဲဖက်အတွင်းရေးမှူး
ကချင်ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
**(ကချင်ပြည်နယ် MSME အေဂျင်စီအဖွဲ့ဝင် စုစုပေါင်း - ၁၂ ဦး)**

၃။ ကယားပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီအဖွဲ့ဝင်များ
(က) ဝန်ကြီးချုပ် နာယက
ကယားပြည်နယ်အစိုးရအဖွဲ့
( ခ) ဝန်ကြီး ဥက္ကဋ္ဌ
လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီးဌာန
( ဂ) ပြည်နယ်မန်နေဂျာ အဖွဲ့ဝင်
မြန်မာ့စီးပွားရေးဘဏ်
(ဃ) ပြည်နယ်ဦးစီးဌာနမှူး အဖွဲ့ဝင်
ပြည်နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန
( င) ပြည်နယ်ဦးစီးဌာနမှူး အဖွဲ့ဝင်
ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန

| | | |
|---|---|---|
| (စ) | ပြည်နယ်ဦးစီးမှူး<br>ပြည်နယ်ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်နယ်ဦးစီးဌာနမှူး<br>အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပြည်နယ်ဦးစီးဌာနမှူး<br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ပြည်နယ်ဦးစီးမှူး<br>အသေးစားစက်မှုလက်မှုလုပ်ငန်းများဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | လက်ထောက်ညွှန်ကြားရေးမှူး<br>အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန | အဖွဲ့ဝင် |
| (ဋ) | အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အတွင်းရေးမှူး |
| (ဌ) | ပြည်နယ်ဦးစီးဌာနမှူး<br>ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန<br>**(ကယားပြည်နယ် MSME အေဂျင်စီ အဖွဲ့ဝင် စုစုပေါင်း - ၁၂ ဦး)** | တွဲဖက်အတွင်းရေးမှူး |

၄။ ကရင်ပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီအဖွဲ့ဝင်များ

| | | |
|---|---|---|
| (က) | ဝန်ကြီးချုပ်<br>ပြည်နယ်အစိုးရအဖွဲ့ | နာယက |
| (ခ) | ဝန်ကြီး<br>ပြည်နယ်လျှပ်စစ်နှင့် စက်မှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ဂ) | ပြည်နယ်ဦးစီးမှူး<br>ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်နယ်ဦးစီးမှူး<br>ပြည်နယ်သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်နယ်ဦးစီးမှူး<br>ပြည်နယ်ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | တာဝန်ခံ<br>ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်နယ်ဦးစီးမှူး<br>ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပြည်နယ်ဦးစီးမှူး<br>မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူး<br>ပြည်နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူး<br>ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၎) | ညွှန်ကြားရေးမှူး<br>ပြည်နယ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး | အဖွဲ့ဝင် |
| (၅) | ကျောင်းအုပ်ကြီး<br>စက်မှုသင်တန်းကျောင်း | အဖွဲ့ဝင် |
| (၃) | ညွှန်ကြားရေးမှူး<br>ပြည်နယ်ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဗ) | ပြည်နယ်ဦးစီးမှူး<br>ပြည်နယ်လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးညှိနှိုင်းမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဏ) | ပြည်နယ်ဦးစီးမှူး<br>ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းများဦးစီးဌာန | အဖွဲ့ဝင် |
| (တ) | ပြည်နယ်မန်နေဂျာ<br>မြန်မာ့စီးပွားရေးဘဏ် | အဖွဲ့ဝင် |
| (ထ) | လက်ထောက်ညွှန်ကြားရေးမှူး<br>ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဒ) | ညွှန်ကြားရေးမှူး<br>ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဓ) | ပြည်နယ်ဦးစီးမှူး<br>ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အတွင်းရေးမှူး |
| (န) | ပြည်နယ်ဦးစီးဌာနမှူး<br>ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

**(ကရင်ပြည်နယ် MSME အေဂျင်စီ အဖွဲ့ဝင် စုစုပေါင်း - ၂၀ ဦး)**

၅။ ချင်းပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီအဖွဲ့ဝင်များ

| | | |
|---|---|---|
| (က) | ဝန်ကြီးချုပ်<br>ချင်းပြည်နယ်အစိုးရအဖွဲ့ | နာယက |
| (ခ) | ဝန်ကြီး<br>လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ဂ) | အတွင်းရေးမှူး<br>CSSCI | အဖွဲ့ဝင် |
| (ဃ) | ဆလိုင်းကျုံးလျန်ထောင်း<br>ပြင်ပပညာရှင် | အဖွဲ့ဝင် |
| (င) | ဦးမိုက်ကယ်ဆွန်တက်<br>ပြင်ပပညာရှင် | အဖွဲ့ဝင် |
| (စ) | ဒေါ်စန္ဒာမျိုး<br>ပြင်ပပညာရှင် | အဖွဲ့ဝင် |
| (ဆ) | ဒေါ်အန်နာဇုက်ထမွေး<br>ပြင်ပပညာရှင် | အဖွဲ့ဝင် |

( ဇ) SME ဌာန — အဖွဲ့ဝင်

( ဈ) ပြည်နယ်အုပ်ချုပ်ရေးမှူး — အဖွဲ့ဝင်
ချင်းပြည်နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန

(ည) ပြည်နယ်ဦးစီးမှူး — အဖွဲ့ဝင်
အသေးစားစက်မှုလက်မှုလုပ်ငန်းများဦးစီးဌာန

( ဋ) ပြည်နယ်ဦးစီးဌာနမှူး — အတွင်းရေးမှူး
ချင်းပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန

( ဌ) ပြည်နယ်ဦးစီးဌာနမှူး — တွဲဖက်အတွင်းရေးမှူး
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန

**(ချင်းပြည်နယ် MSME အေဂျင်စီ အဖွဲ့ဝင် စုစုပေါင်း - ၁၂ ဦး)**

၆။ မွန်ပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီအဖွဲ့ဝင်များ

(က) ဝန်ကြီးချုပ် — နာယက
မွန်ပြည်နယ် အစိုးရအဖွဲ့

(ခ) လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး — ဥက္ကဋ္ဌ
မွန်ပြည်နယ် အစိုးရအဖွဲ့

(ဂ) ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ — အဖွဲ့ဝင်
မွန်ပြည်နယ်လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေးလုပ်ငန်း

(ဃ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မွန်ပြည်နယ် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

( င) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့

( စ) ပြည်နယ်မန်နေဂျာ — အဖွဲ့ဝင်
မြန်မာ့စီးပွားရေးဘဏ်၊ မွန်ပြည်နယ်

(ဆ) ဒုတိယညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မွန်ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန

( ဇ) ဒုတိယညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မွန်ပြည်နယ် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန

( ဈ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မွန်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း

(ည) အုပ်ချုပ်ရေးမှူး — အတွင်းရေးမှူး
မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

( ဋ) ညွှန်ကြားရေးမှူး — တွဲဖက်အတွင်းရေးမှူး
မွန်ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန

**(မွန်ပြည်နယ် MSME အေဂျင်စီ အဖွဲ့ဝင် စုစုပေါင်း - ၁၁ ဦး)**

၇။ ရခိုင်ပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီအဖွဲ့ဝင်များ

(က) ဝန်ကြီးချုပ် — နာယက
ရခိုင်ပြည်နယ်အစိုးရအဖွဲ့

(ခ) ပြည်နယ်ဝန်ကြီး — ဥက္ကဋ္ဌ
ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန

(ဂ) ပြည်နယ်ဦးစီးမှူး — အဖွဲ့ဝင်
ပြည်နယ်စည်ပင်သာယာရေးအဖွဲ့

(ဃ) ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ — အဖွဲ့ဝင်
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း

(င) ပြည်နယ်ဦးစီးမှူး — အဖွဲ့ဝင်
ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန

(စ) ပြည်နယ်မန်နေဂျာ — အဖွဲ့ဝင်
မြန်မာ့စီးပွားရေးဘဏ်

(ဆ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
ရခိုင်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း

(ဇ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
ရခိုင်လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း

(ဈ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
ရခိုင်ပြည်နယ်ဆန်စပါးလုပ်ငန်းရှင်များအသင်း

(ည) ပြည်နယ်အုပ်ချုပ်ရေးမှူး — အတွင်းရေးမှူး
ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ဋ) ပြည်နယ်ဦးစီးမှူး — တွဲဖက်အတွင်းရေးမှူး
စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန

**(ရခိုင်ပြည်နယ် MSME အေဂျင်စီ အဖွဲ့ဝင် စုစုပေါင်း - ၁၁ ဦး)**

၈။ ရှမ်းပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ အဖွဲ့ဝင်များ

(က) ဝန်ကြီးချုပ် — နာယက
ရှမ်းပြည်နယ်အစိုးရအဖွဲ့

(ခ) ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး — ဥက္ကဋ္ဌ
ရှမ်းပြည်နယ်အစိုးရအဖွဲ့

(ဂ) ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး — အဖွဲ့ဝင်
ရှမ်းပြည်နယ်အစိုးရအဖွဲ့

(ဃ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(င) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ရှမ်းပြည်နယ်သစ်တောဦးစီးဌာန

( စ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ရှမ်းပြည်နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

(ဆ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ရှမ်းပြည်နယ်ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန

( ဇ) ဒုတိယညွှန်ကြားရေးမှူး အဖွဲ့ဝင်
ရှမ်းပြည်နယ် စားသုံးသူရေးရာဦးစီးဌာန

( ဈ) တာဝန်ခံအရာရှိ အဖွဲ့ဝင်
အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

(ည) ဒုတိယညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပြည်နယ်အသေးစားနှင့် အလတ်စားစီးပွားရေး
လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန

( ဋ) ဥက္ကဋ္ဌ အဖွဲ့ဝင်
ရှမ်းပြည်နယ် UMFCCI

( ဌ) အုပ်ချုပ်ရေးမှူး အတွင်းရေးမှူး
ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

( ဍ) ညွှန်ကြားရေးမှူး တွဲဖက်အတွင်းရေးမှူး
ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
**(ရှမ်းပြည်နယ် MSME အေဂျင်စီ အဖွဲ့ဝင် စုစုပေါင်း - ၁၁ ဦး)**

၉။ ရန်ကုန်တိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး
လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီအဖွဲ့ဝင်များ

(က) ဝန်ကြီးချုပ် နာယက
တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး

( ခ) ဝန်ကြီး ဥက္ကဋ္ဌ
တိုင်းဒေသကြီးစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး

( ဂ) ဝန်ကြီး အဖွဲ့ဝင်
တိုင်းဒေသကြီးစိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်
စွမ်းအင်ဝန်ကြီး

(ဃ) ဝန်ကြီး အဖွဲ့ဝင်
တိုင်းဒေသကြီးလျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး

( င) ဝန်ကြီး အဖွဲ့ဝင်
တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး

( စ) ဒေါက်တာဇေယျာညွှန့် အဖွဲ့ဝင်
အမှုဆောင်အရာရှိချုပ်
SMIDB

(ဆ) ဒုတိယညွှန်ကြားရေးမှူး အဖွဲ့ဝင်
အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန

( ဇ) ဦးတင်ချို ပါရမီစကားဝိုင်း — အဖွဲ့ဝင်
( ဈ) လက်ထောက်ညွှန်ကြားရေးမှူး တိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန — အဖွဲ့ဝင်
(ည) အုပ်ချုပ်ရေးမှူး တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အတွင်းရေးမှူး
( ဋ) ညွှန်ကြားရေးမှူး တိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန — တွဲဖက်အတွင်းရေးမှူး

**(ရန်ကုန်တိုင်းဒေသကြီး MSME အေဂျင်စီ အဖွဲ့ဝင် စုစုပေါင်း - ၁၁ ဦး)**

၁၀။ စစ်ကိုင်းတိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီအဖွဲ့ဝင်များ

(က) ဝန်ကြီးချုပ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ — နာယက
( ခ) စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ — ဥက္ကဋ္ဌ
( ဂ) ဘဏ္ဍာရေးဝန်ကြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ — အဖွဲ့ဝင်
(ဃ) ညွှန်ကြားရေးမှူး စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန — အဖွဲ့ဝင်
( င) ညွှန်ကြားရေးမှူး စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာန — အဖွဲ့ဝင်
( စ) ညွှန်ကြားရေးမှူး စစ်ကိုင်းတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန — အဖွဲ့ဝင်
(ဆ) ညွှန်ကြားရေးမှူး စစ်ကိုင်းတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန — အဖွဲ့ဝင်
( ဇ) ဒုတိယညွှန်ကြားရေးမှူး စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန — အဖွဲ့ဝင်
( ဈ) တာဝန်ခံအရာရှိ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန — အဖွဲ့ဝင်
(ည) ဒုတိယညွှန်ကြားရေးမှူး တိုင်းဒေသကြီး အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန — အဖွဲ့ဝင်
( ဋ) ဥက္ကဋ္ဌ တိုင်းဒေသကြီး UMFCCI — အဖွဲ့ဝင်
( ဌ) အုပ်ချုပ်ရေးမှူး တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အတွင်းရေးမှူး

( ၃) ညွှန်ကြားရေးမှူး တွဲဖက်အတွင်းရေးမှူး
တိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
**(စစ်ကိုင်းတိုင်းဒေသကြီး MSME အေဂျင်စီ အဖွဲ့ဝင် စုစုပေါင်း - ၁၃ ဦး)**

၁၁။ တနင်္သာရီတိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီအဖွဲ့ဝင်များ

(က) ဝန်ကြီးချုပ် နာယက
တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့

( ခ) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဥက္ကဋ္ဌ
တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့

( ဂ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး အဖွဲ့ဝင်
တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့

(ဃ) တိုင်းဒေသကြီးဦးစီးမှူး အဖွဲ့ဝင်
တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန

( င) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
တိုင်းဒေသကြီးပြည်တွင်းအခွန်များဦးစီးဌာန

( စ) အတွင်းရေးမှူး အဖွဲ့ဝင်
မြိတ်-မောင်တောနယ်စပ် ကုန်သည်အသင်း

(ဆ) ဥက္ကဋ္ဌ အဖွဲ့ဝင်
ကော့သောင်းနယ်စပ်ကုန်သည်အသင်း

( ဇ) ဥက္ကဋ္ဌ အဖွဲ့ဝင်
တိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (TCCI)

( ဈ) ခရိုင်ဦးစီးမှူး အဖွဲ့ဝင်
မြိတ်ခရိုင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန

(ည) တိုင်းဒေသကြီးဦးစီးဌာနမှူး အဖွဲ့ဝင်
တိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာန

( ဋ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန

( ဌ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
တိုင်းဒေသကြီးအသေးစားစက်မှုလုပ်ငန်းဦးစီးဌာန

( ဍ) ဦးစီးအရာရှိ အဖွဲ့ဝင်
တိုင်းဒေသကြီးအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

( ဎ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊
တိုင်းဒေသကြီးဦးစီးမှူးရုံး

(ဏ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန
(တ) တိုင်းအုပ်ချုပ်ရေးမှူး — အတွင်းရေးမှူး
တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
(ထ) ညွှန်ကြားရေးမှူး — တွဲဖက်အတွင်းရေးမှူး
တိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
**(တနင်္သာရီတိုင်းဒေသကြီး MSME အေဂျင်စီ အဖွဲ့ဝင် စုစုပေါင်း - ၁၇ ဦး)**

၁၂။ ပဲခူးတိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီအဖွဲ့ဝင်များ

(က) ဝန်ကြီးချုပ် — နာယက
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
(ခ) ဝန်ကြီး — ဥက္ကဋ္ဌ
စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
(ဂ) တိုင်းဒေသကြီးဦးစီးမှူး — အဖွဲ့ဝင်
စားသုံးသူရေးရာဦးစီးဌာန
(ဃ) တိုင်းဒေသကြီးဦးစီးမှူး — အဖွဲ့ဝင်
လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
(င) တိုင်းဒေသကြီးဦးစီးမှူး — အဖွဲ့ဝင်
ပြည်တွင်းအခွန်များဦးစီးဌာန
(စ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
စည်ပင်သာယာရေးအဖွဲ့
(ဆ) တိုင်းဒေသကြီးဦးစီးမှူး — အဖွဲ့ဝင်
အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန
(ဇ) ကိုယ်စားလှယ် (၁)ဦး — အဖွဲ့ဝင်
UMFCCI
(ဈ) ဌာနမှူး — အဖွဲ့ဝင်
အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန
(ည) တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး — အတွင်းရေးမှူး
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
(ဋ) တိုင်းဒေသကြီးဦးစီးဌာနမှူး — တွဲဖက်အတွင်းရေးမှူး
စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
**(ပဲခူးတိုင်းဒေသကြီး MSME အေဂျင်စီ အဖွဲ့ဝင် စုစုပေါင်း - ၁၁ ဦး)**

၁၃။ မကွေးတိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီအဖွဲ့ဝင်များ

(က) ဝန်ကြီးချုပ် — နာယက
တိုင်းဒေသကြီးအစိုးရအဖွဲ့

( ခ) စီမံကိန်း၊ ဘဏ္ဍာရေးနှင့်
စည်ပင်သာယာရေးဝန်ကြီး — ဥက္ကဋ္ဌ
တိုင်းဒေသကြီး အစိုးရအဖွဲ့

( ဂ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီး စီမံကိန်းရေးဆွဲရေးဦးစီးဌာန

(ဃ) လျှပ်စစ်အင်ဂျင်နီယာ — အဖွဲ့ဝင်
တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း

( င) တိုင်းဒေသကြီးဦးစီးဌာနမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန

( စ) ဦးဇေယျ — အဖွဲ့ဝင်
ဌာနမှူး (ငြိမ်း)၊ စက်မှုအင်ဂျင်နီယာဌာန၊
ပညာရေးဝန်ကြီးဌာန (အသိပညာရှင်၊ အတတ်ပညာရှင်)

(ဆ) တာဝန်ခံ — အဖွဲ့ဝင်
တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

( ဇ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

( ဈ) ဒုတိယညွှန်ကြားရေးမှူး — အဖွဲ့ဝင်
အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန

(ည) ဒုတိယညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

( ဋ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန

**(မကွေးတိုင်းဒေသကြီး MSME အေဂျင်စီ အဖွဲ့ဝင် စုစုပေါင်း - ၁၁ ဦး)**

၁၄။ မန္တလေးတိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီအဖွဲ့ဝင်များ

(က) ဝန်ကြီးချုပ် — နာယက
တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး

( ခ) ဝန်ကြီး — ဥက္ကဋ္ဌ
လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး

( ဂ) အုပ်ချုပ်ရေးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ဃ) အမှုဆောင်အရာရှိချုပ် — အဖွဲ့ဝင်
မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း

(င) တိုင်းဒေသကြီးဦးစီးမှူး အဖွဲ့ဝင်
တိုင်းဒေသကြီးစီမံကိန်းရေးဆွဲရေးဦးစီးဌာန
(စ) ဌာနမှူး၊ သန့်ရှင်းရေးဌာန အဖွဲ့ဝင်
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
(ဆ) တိုင်းဒေသကြီးဦးစီးမှူး အဖွဲ့ဝင်
တိုင်းဒေသကြီးအသေးစားစက်မှုလက်မှုဦးစီးဌာန
(ဇ) တိုင်းဒေသကြီးဦးစီးမှူး အဖွဲ့ဝင်
တိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
(ဈ) တိုင်းဒေသကြီးဦးစီးမှူး အဖွဲ့ဝင်
တိုင်းဒေသကြီးစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဦးစီးဌာန
(ည) တိုင်းဒေသကြီးဦးစီးမှူး အဖွဲ့ဝင်
တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန
(ဋ) တိုင်းဒေသကြီးဦးစီးမှူး အဖွဲ့ဝင်
တိုင်းဒေသကြီးအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန
(ဌ) တိုင်းဘဏ်မန်နေဂျာ အဖွဲ့ဝင်
မြန်မာ့စီးပွားရေးဘဏ်
(ဍ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI)
(ဎ) ဥက္ကဋ္ဌ အဖွဲ့ဝင်
တိုင်းဒေသကြီး လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYREA)
(ဏ) ဥက္ကဋ္ဌ အဖွဲ့ဝင်
စီးပွားရေးသုတေသနအသင်း
(တ) စက်မှုဇုန်ကိုယ်စားလှယ်များ အဖွဲ့ဝင်
(မန္တလေး၊ မြင်းခြံ၊ မိတ္ထီလာ၊ မြို့သာ)
(ထ) တိုင်းဒေသကြီးဦးစီးမှူး အတွင်းရေးမှူး
တိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
(ဒ) ဒုတိယညွှန်ကြားရေးမှူး တွဲဖက်အတွင်းရေးမှူး
တိုင်းဒေသကြီးအသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဌာန
**(မန္တလေးတိုင်းဒေသကြီး MSME အေဂျင်စီ အဖွဲ့ဝင် စုစုပေါင်း - ၁၈ ဦး)**

၁၅။ ဧရာဝတီတိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီအဖွဲ့ဝင်များ
(က) ဝန်ကြီးချုပ် နာယက
ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့
(ခ) ဝန်ကြီး ဥက္ကဋ္ဌ
လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန

(ဂ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့
(ဃ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန
(င) တိုင်းလျှပ်စစ်အင်ဂျင်နီယာ အဖွဲ့ဝင်
တိုင်းဒေသကြီးလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
(စ) တိုင်းဦးစီးမှူး အဖွဲ့ဝင်
အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန
(ဆ) ဦးဝင်းမြင့်လှိုင် အဖွဲ့ဝင်
ဥက္ကဋ္ဌ
ရောဝတီတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်
(ဇ) ဦးလင်းလင်း အဖွဲ့ဝင်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (ပုသိမ်)
(ဈ) ဒုတိယညွှန်ကြားရေးမှူး အဖွဲ့ဝင်
တိုင်းဒေသကြီးအသေးစားနှင့် အလတ်စားစီးပွားရေး
လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန
(ည) တိုင်းအုပ်ချုပ်ရေးမှူး အတွင်းရေးမှူး
တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
(ဋ) ညွှန်ကြားရေးမှူး တွဲဖက်အတွင်းရေးမှူး
တိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
**(ရောဝတီတိုင်းဒေသကြီး MSME အေဂျင်စီ အဖွဲ့ဝင် စုစုပေါင်း - ၁၁ ဦး)**

ဝ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ
၁။ ဝ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ MSME Agency အဖွဲ့ဝင်များ
(က) ဥက္ကဋ္ဌ နာယက
ဝကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့
(ခ) ဦးရန်ကျော် ဥက္ကဋ္ဌ
အလုပ်အမှုဆောင်၊ ဝ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့
(ဂ) ဦးညီနပ် ဥက္ကဋ္ဌ
အလုပ်အမှုဆောင်၊ ဝ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့
(ဃ) ဦးဇော်နိုင်ဦး အဖွဲ့ဝင်
အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
(င) ဦးကျော်ကျော်အုန်း အဖွဲ့ဝင်
အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
(စ) ဦးစိုင်းလှဒင် အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
"ဝ" တိုင်းစီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ဟိုပန်မြို့

(ဆ) ဒေါ်ဇင်မာထွန်း၊ MSME ဌာန၊ အဖွဲ့ဝင်
လားရှိုးခရိုင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
( ဇ) ဦးမင်းသူကျော် အဖွဲ့ဝင်
မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဟိုပန်မြို့
( ဈ) ဦးအောင်ဇော်မင်း အဖွဲ့ဝင်
မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဟိုပန်မြို့
(ည) ဦးသိန်းဝင်း အဖွဲ့ဝင်
မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ ဟိုပန်မြို့
( ဋ) ဦးသောင်းထိုက် အဖွဲ့ဝင်
ဦးစီးမှူး၊ မြို့နယ်သမဝါယမဦးစီးဌာန၊ ဟိုပန်မြို့
( ဌ) ဦးအောင်စိုးမင်း အဖွဲ့ဝင်
လုပ်ငန်းရှင်၊ ဟိုပန်မြို့
( ဍ) ဦးနိုင်ဝင်းစိန် အဖွဲ့ဝင်
လုပ်ငန်းရှင်၊ ဟိုပန်မြို့
( ဎ) ဦးဗလ အဖွဲ့ဝင်
လုပ်ငန်းရှင်၊ မက်မန်းမြို့
(ဏ) ဦးစန်းလှိုင် အတွင်းရေးမှူး
အတွင်းရေးမှူး
"ဝ" ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့
(တ) ဦးစီးဌာနမှူး တွဲဖက်အတွင်းရေးမှူး
ခရိုင်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
**("ဝ" ဒေသ MSME အေဂျင်စီအဖွဲ့ဝင် စုစုပေါင်း - ၁၆ ဦး)**

၂။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ MSME Agency အဖွဲ့ဝင်များ
(က) ဥက္ကဋ္ဌ နာယက
ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့
( ခ) အလုပ်အမှုဆောင်ကော်မတီဝင် ဥက္ကဋ္ဌ
ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့
( ဂ) လက်ထောက်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ဒေသစီမံကိန်းရေးဆွဲရေးဦးစီးဌာန
(ဃ) ဦးစီးဌာနမှူး အဖွဲ့ဝင်
ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန
(င) ခရိုင်လျှပ်စစ်အင်ဂျင်နီယာ အဖွဲ့ဝင်
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
(စ) ခရိုင်ဦးစီးမှူး အဖွဲ့ဝင်
ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

| | | |
|---|---|---|
| (ဆ) | မြို့နယ်ဦးစီးမှူး<br>မြို့နယ်သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | အမှုဆောင်အရာရှိ<br>လောက်ကိုင်မြို့နယ်စည်ပင်သာယာရေးဌာန | အဖွဲ့ဝင် |
| (ဈ) | မန်နေဂျာ<br>မြန်မာ့စီးပွားရေးဘဏ်ခွဲ (လောက်ကိုင်) | အဖွဲ့ဝင် |
| (ည) | ဌာနခွဲမှူး<br>MSME ဌာန၊ ခရိုင်စက်မှုကြီးကြပ်ရေးနှင့်<br>စစ်ဆေးရေးဦးစီးဌာန၊ လားရှိုးမြို့ | အဖွဲ့ဝင် |
| (ဋ) | ဦးလီကျိုဖူ<br>မြို့မိ၊ မြို့ဖ | အဖွဲ့ဝင် |
| (ဌ) | ဦးစီယုံခွန်<br>မြို့မိ၊ မြို့ဖ | အဖွဲ့ဝင် |
| (ဍ) | ဦးနေအောင်<br>ဥက္ကဋ္ဌ၊ ကိုးကန့်ဒေသလက်ဖက်ခြောက်အသင်း | အဖွဲ့ဝင် |
| (ဎ) | ဦးရင်မာစန်း<br>ရေသန့်လုပ်ငန်းရှင် | အဖွဲ့ဝင် |
| (ဏ) | ဦးထွန်းနိုင်<br>ဥက္ကဋ္ဌ<br>မြို့နယ်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (တ) | ဦးကျော်ဟန်<br>လုပ်ငန်းရှင် (ချင်းရွှေဟော်) | အဖွဲ့ဝင် |
| (ထ) | ဦးထွန်းထွန်းကျော်<br>ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ | အတွင်းရေးမှူး |
| (ဒ) | ဦးစီးဌာနမှူး<br>ခရိုင်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန<br>(ကိုးကန့်ဒေသ MSME အေဂျင်စီ အဖွဲ့ဝင် စုစုပေါင်း - ၁၈ ဦး) | တွဲဖက်အတွင်းရေးမှူး |

၃။ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ MSME Agency အဖွဲ့ဝင်များ

| | | |
|---|---|---|
| (က) | ဦးဝင်းကျော်<br>ဥက္ကဋ္ဌ၊ ဒေသဦးစီးအဖွဲ့ | နာယက |
| (ခ) | ဦးသိန်းဇော်<br>အလုပ်အမှုဆောင်၊ ဒေသဦးစီးအဖွဲ့ | ဥက္ကဋ္ဌ |
| (ဂ) | ဦးအောင်ကျော်ဦး<br>မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ် ထွေ/ အုပ်၊ နမ့်ဆန် | အဖွဲ့ဝင် |

(ဃ) ဦးမိုးကျော်သူ အဖွဲ့ဝင်
မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ် ထွေ/ အုပ်၊ မန်တုံ
( င ) ဦးညွှန့်ရွှင် အဖွဲ့ဝင်
လ/ထညွှန်မှူး၊ ဒေသစီမံကိန်း
( စ ) ဦးအေးငြိမ်းအောင် အဖွဲ့ဝင်
ဦးစီးမှူး၊ လယ်စီ/အင်း၊ နမ့်ဆန်
(ဆ) ဦးမြတ်ထွန်းအောင် အဖွဲ့ဝင်
ဦးစီးမှူး၊ လယ်စီ/ အင်း၊ မန်တုံ
( ဇ ) ဒေါ်နေခြည်စိုး အဖွဲ့ဝင်
မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ နမ့်ဆန်
(ဈ) ဦးစိုးနိုင်ဦး အဖွဲ့ဝင်
ဦးစီးအရာရှိ၊ ပြည်တွင်းအခွန်၊ နမ့်ဆန်
(ည) ဦးညွှန့်မောင် အဖွဲ့ဝင်
ရွှေနင်းဆီ လက်ဖက်စက်ရုံ
ဘုရားကြီးကျေးရွာ၊ နမ့်ဆန်မြို့
( ဋ ) ဦးစိုးမောင် အဖွဲ့ဝင်
လာဘ်ပွင့် လက်ဖက်စက်ရုံ
မင်္ဂလာရပ်ကွက်၊ နမ့်ဆန်မြို့
( ဌ ) ဦးအောင်ဆန်းဒီ အဖွဲ့ဝင်
ဇယန်းတောင်ထိပ် လက်ဖက်စက်ရုံ
ဇယန်းပန်လော၊ နမ့်ဆန်မြို့
( ဍ ) ဦးအောင်ပေ အဖွဲ့ဝင်
အောင်မိသားစု လက်ဖက်စက်ရုံ
မန်တုံ
( ဎ ) ဦးညာဏ်မျိုး အတွင်းရေးမှူး
အတွင်းရေးမှူး၊ ဒေသဦးစီးအဖွဲ့
(ဏ) ခရိုင်ဦးစီးမှူး တွဲဖက်အတွင်းရေးမှူး
လားရှိုးခရိုင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
**(ပလောင်ဒေသ MSME အေဂျင်စီ အဖွဲ့ဝင် စုစုပေါင်း - ၁၅ ဦး)**

၄။ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ MSME Agency အဖွဲ့ဝင်များ
(က) ဦးခွန်စံလွင် နာယက
ဥက္ကဋ္ဌ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့
( ခ ) ဦးခွန်လှဆန်း ဥက္ကဋ္ဌ
အလုပ်အမှုဆောင်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့

(ဂ) ဦးစိုင်းအောင်ခင် အဖွဲ့ဝင်
အဖွဲ့ဝင်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့
(ဃ) ဦးခွန်ထွန်းထွန်းဝင်း အဖွဲ့ဝင်
ဟိုနမ့်ကျေးရွာ၊ ဟိုပုံးမြို့
(င) ဦးခွန်မောင်ငွေ အဖွဲ့ဝင်
အနောက်ရပ်ကွက်၊ ဟိုပုံးမြို့
(စ) ဦးစိုးမင်း အဖွဲ့ဝင်
အောင်ချမ်းသာရပ်ကွက်၊ ဆီဆိုင်မြို့နယ်
(ဆ) ဦးခွန်အောင်နိုင်ဦး အဖွဲ့ဝင်
အမှတ် (၁)ရပ်ကွက်၊ နောင်တရား ပင်လောင်းမြို့နယ်
(ဇ) ဦးခွန်စည်သူထွန်း အဖွဲ့ဝင်
ရင်းမိုးရပ်ကွက်၊ ပင်လောင်းမြို့
(ဈ) ဦးအောင်လွင် အတွင်းရေးမှူး
ဦးစီးဌာနမှူး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
(ည) ဦးစိုးမင်းသူ တွဲဖက်အတွင်းရေးမှူး
ပြည်နယ်ဦးစီးမှူး
ရှမ်းပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
(ပအိုဝ်း MSME အေဂျင်စီအဖွဲ့ဝင် စုစုပေါင်း - ၁၀ ဦး)

၅။ ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ MSME Agency အဖွဲ့ဝင်များ
(က) ဦးအာကာလင်း နာယက
ဥက္ကဋ္ဌ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့
(ခ) ဦးအေးမင်းစိုး ဥက္ကဋ္ဌ
အလုပ်အမှုဆောင်ကော်မတီဝင်
ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့
(ဂ) ဦးထက်အောင်ဖြိုး အဖွဲ့ဝင်
အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပင်းတယမြို့
(ဃ) ဦးစိုးညွှန့်ဦး အဖွဲ့ဝင်
အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရွာငံမြို့
(င) ဒေါ်နီနီကျော် အဖွဲ့ဝင်
လက်ထောကညွှန်ကြားရေးမှူး
မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ပင်းတယမြို့
(စ) ဒေါ်သက်သက်ဝေ အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ရွာငံမြို့

(ဆ) ဒေါ်ခင်မျိုးရီ အဖွဲ့ဝင်
မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ် (ခွဲ)၊ ပင်းတယမြို့
(ဇ) ဦးသိန်းထွန်းရွှေ အဖွဲ့ဝင်
မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်(ခွဲ)၊ ရွာငံမြို့
(ဈ) ဒေါ်တင်ရီရီ အဖွဲ့ဝင်
ဦးစီးမှူး၊ မြို့နယ်သမဝါယမဦးစီးဌာန၊ ပင်းတယမြို့
(ည) ဦးလွှမ်းနိုင် အဖွဲ့ဝင်
ဦးစီးမှူး၊ မြို့နယ်သမဝါယမဦးစီးဌာန၊ ရွာငံမြို့
(ဋ) ဦးဇော်မင်းခိုင် အဖွဲ့ဝင်
မန်နေဂျာ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ပင်းတယမြို့
(ဌ) ဒေါ်စမ်းမိုးလှိုင် အဖွဲ့ဝင်
မန်နေဂျာ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ရွာငံမြို့
(ဍ) ဦးမိုးဇော်နိုင် အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူး
ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အထွေထွေအုပ်ချုပ်ရေးဦးစီးမှူးရုံး
(ပ) ဦးစန်းဦး တွဲဖက်အတွင်းရေးမှူး
ဦးစီးဌာနမှူး
ခရိုင်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ တောင်ကြီးမြို့
**(ဓနုဒေသ MSME အောဂျင်စီ အဖွဲ့ဝင် စုစုပေါင်း - ၁၁ ဦး)**

၆။ နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ MSME Agency အဖွဲ့ဝင်များ
(က) ဦးကေခိုင် နာယက
ဥက္ကဋ္ဌ၊ ဦးစီးအဖွဲ့ (နာဂ)
(ခ) ဦးရှိထင် ဥက္ကဋ္ဌ
အလုပ်အမှုဆောင် (စီးပွား)
(ဂ) ဦးလော်ယုံ အဖွဲ့ဝင်
အလုပ်အမှုဆောင် (စီမံ)
(ဃ) ဦးကာစီရန်း အဖွဲ့ဝင်
အလုပ်အမှုဆောင် (လူမှု)
(င) ဦးအောင်ကျော်ဖုံ အဖွဲ့ဝင်
ဒေသဦးစီးမှူး၊ ဒေသစီမံကိန်းဦးစီးဌာန
(စ) ဦးအောင်မြင့်သန်း အဖွဲ့ဝင်
ဒေသဦးစီးမှူး၊ ဒေသကျေးလက်ဦးစီးဌာန
(ဆ) ဦးအောင်မြင့်သန်း အဖွဲ့ဝင်
ဒေသဦးစီးမှူး၊ ဒေသ မွေး/ကု ဦးစီးဌာန
(ဇ) ဦးသန်းရွှေ အတွင်းရေးမှူး
အုပ်ချုပ်ရေးမှူး
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

( ၈) ဒေါ်နန်းအမ်းတော် တွဲဖက်အတွင်းရေးမှူး
လက်ထောက်ညွှန်ကြားရေးမှူး
စိုက်ပျိုးရေးဦးစီးဌာန
**(နာဂ ဒေသ MSME အေဂျင်စီအဖွဲ့ဝင် စုစုပေါင်း - ၉ ဦး)**

SME နည်းဥပဒေ ပုဒ်မ ၁၄ အရ ပြည်ထောင်စုနယ်မြေ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဒေသဆိုင်ရာအဖွဲ့များသည် တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်အဖွဲ့ကို အေဂျင်စီရုံးခွဲမှ အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနမှ ကိုယ်စားလှယ်များကို ပါဝင်စေလျက် ဖွဲ့စည်းပြီး အေဂျင်စီရုံးခွဲများ ပူးတွဲဖွင့်လှစ်ရမည်ဟု ပြဌာန်းထားသည်။

SME နည်းဥပဒေ ပုဒ်မ ၁၅ အရ တစ်နေရာတည်း ဝန်ဆောင်မှုပေးမည့်အဖွဲ့သည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်ဟု ပြဌာန်းထားသည်။

(က) လုပ်ငန်းစတင်နိုင်ရန် သတင်းအချက်အလက်နှင့် သက်ဆိုင်ရာဌာနများမှ ပြဌာန်းထားသော လုပ်ထုံးလုပ်နည်းများအား ရှင်းလင်းအသိပေးခြင်း၊
( ခ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအနေဖြင့် ယင်းတို့၏ လုပ်ငန်းနှင့်ဆက်စပ်သည့်လုပ်ငန်းလိုင်စင်ရရှိရန် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊
( ဂ) ချေးငွေဆိုင်ရာ အကြံပေးခြင်း၊
(ဃ) ဥပဒေနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ အကြံပေးခြင်း၊
( င) သင်တန်းအသိအမှတ်ပြုလက်မှတ်နှင့် စံချိန်စံညွှန်းဆိုင်ရာ သတင်းအချက်အလက်ပေးခြင်း၊
( စ) စွန့်ဦးတီထွင်သူ လုပ်ငန်းရှင်များအတွက် ကနဦးလိုအပ်ချက်များ ပညာပေးခြင်း။



# အပိုင်း (၃)

## တွေ့ရှိချက်များအား ခွဲခြမ်း စိတ်ဖြာလေ့လာခြင်း

## အပိုင်း (၃) တွေ့ရှိချက်များအား ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း

လေ့လာဆန်းစစ်ချက်များမှ တွေ့ရှိချက်များကို
- ဗဟိုချုပ်ကိုင်မှု လျှော့ချရေးနှင့် ပတ်သက်ပြီး မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်မှ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ၏ သဘောထားကို ကောက်ယူထားသော ပဏာမစစ်တမ်းမှ အထွေထွေတွေ့ရှိချက်များ
- အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗဟိုချုပ်ကိုင်မှု လျှော့ချရေးနှင့် ပတ်သက်ပြီး ပြည်ထောင်စုအဆင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်နယ်အဆင့် လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားမှတ်ချက်များ
- အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗဟိုချုပ်ကိုင်မှု လျှော့ချရေးနှင့် ပတ်သက်ပြီး ပြည်ထောင်စုအဆင့် အေဂျင်စီအဖွဲ့ဝင်များ၏ သဘောထားမှတ်ချက်များနှင့် ပြည်နယ်အဆင့် အေဂျင်စီအဖွဲ့ဝင်များ၏ သဘောထားမှတ်ချက်များဟူ၍ ၃ ပိုင်းခွဲပြီး တင်ပြသွားမည် ဖြစ်သည်။

ဇယား ၁။ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေနှင့် အဓိပ္ပါယ်သတ်မှတ်ချက်အရ SME Member Card ထုတ်ပေးထားသော MSME များနှင့် အလုပ်သမားဦးရေစာရင်း (အောက်တိုဘာလ၊ ၂၀၁၉ ခုနှစ်)

| လုပ်ငန်းအမျိုးအစား | ကတ်အရေအတွက် | လုပ်သားအင်အား (ဦးရေ) |
|---|---|---|
| ထုတ်လုပ်မှုလုပ်ငန်း | ၁၂၈၈၁ | ၁၄၁၇၄၁ |
| ရောင်းဝယ်မှုလုပ်ငန်း | ၆၈၂၉ | ၆၆၃၃၈ |
| ဝန်ဆောင်မှုလုပ်ငန်း | ၄၄၁၆ | ၆၃၉၀၉ |
| အခြား | ၆၉၆၃ | ၄၁၉၁၉ |
| စုစုပေါင်း | ၃၁၀၈၉ | ၃၁၃၉၀၇ |

### ၃.၁ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်မှ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေး လုပ်ငန်းရှင်များ၏ သဘောထားကို ကောက်ယူထားသော ပဏာမစစ်တမ်းမှ အထွေထွေ တွေ့ရှိချက်များ

ဤလေ့လာမှု ပဏာမစစ်တမ်းအား မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း ၁၉၉ တို့က တုံ့ပြန်ဖြေကြားခဲ့ကြသည်။

ထိုအထဲတွင် မွန်ပြည်နယ် ၁၀ မြို့နယ်တို့မှ ဖြေဆိုသူ ၁၅၀ ဦးနှင့် ကရင်ပြည်နယ် မြို့နယ်နှစ်ခုမှ ဖြေဆိုသူ ၄၉ ဦးတို့က တုံ့ပြန် ဖြေကြားခဲ့ကြခြင်း ဖြစ်သည်။

စစ်တမ်းမေးခွန်းအား တုံ့ပြန်ဖြေကြားခဲ့သူများကို စက်မှုလုပ်ငန်း၊ စိုက်ပျိုးရေး လုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရေထွက်ပစ္စည်းလုပ်ငန်း၊ (ခရီးသွားလာရေး၊ သယ်ယူ ပို့ဆောင်ရေး၊ ဟိုတယ်)၊ ပညာရေးလုပ်ငန်း၊ ချေးငွေလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ အခြားဟူ၍ လုပ်ငန်းနယ်ပယ် (၁၀)ခုတို့အား ခွဲခြား သတ်မှတ် ကာ ဖြေဆိုစေခဲ့သည်။

မွန်ပြည်နယ်တွင် စက်မှုကဏ္ဍကို အခြေခံသောလုပ်ငန်းများ ပိုမိုအားကောင်းနေပြီး ကရင်ပြည်နယ်၌မူ စီးပွားရေးရေခံမြေခံ အခြေအနေအရ နယ်စပ်ဖြတ်ကျော်ကုန်သွယ်ရေး၊ ဟိုတယ်၊ ခရီးသွားလုပ်ငန်းတို့မှာ ပိုမိုအားကောင်းနေသည်ကို ထင်ထင်ရှားရှား တွေ့မြင် ခဲ့ရသည်။

| | လုပ်ငန်းနယ်ပယ် | အသေးစား | အငယ်စား | အလတ်စား | အရေအတွက် |
|---|---|---|---|---|---|
| ၁ | စက်မှုလုပ်ငန်း | ၃၄ | ၂ | ၀ | ၃၆ |
| ၂ | စိုက်ပျိုးရေးလုပ်ငန်း | ၁၀ | ၀ | ၀ | ၁၀ |
| ၃ | မွေးမြူရေးလုပ်ငန်း | ၂ | ၀ | ၀ | ၂ |
| ၄ | ရေထွက်ပစ္စည်းလုပ်ငန်း | ၀ | ၀ | ၀ | ၀ |
| ၅ | (ခရီးသွားလာရေး၊ သယ်ယူ ပို့ဆောင်ရေး၊ ဟိုတယ်) | ၃ | ၂ | ၀ | ၅ |
| ၆ | ပညာရေးလုပ်ငန်း | ၈ | ၀ | ၀ | ၈ |
| ၇ | ချေးငွေလုပ်ငန်း | ၁ | ၀ | ၀ | ၁ |
| ၈ | ဆောက်လုပ်ရေးလုပ်ငန်း | ၇ | ၂ | ၀ | ၉ |
| ၉ | စားသောက်ဆိုင်လုပ်ငန်း | ၁၆ | ၁ | ၀ | ၁၇ |
| ၁၀ | အခြား ………… | ၅၈ | ၃ | ၁ | ၆၂ |

ပုံ ၅ - မွန်ပြည်နယ်အတွင်း ကောက်ယူရရှိသော လုပ်ငန်းနယ်ပယ်အမျိုးအစားများ

| | လုပ်ငန်းနယ်ပယ် | အသေးစား | အငယ်စား | အလတ်စား | အရေအတွက် |
|---|---|---|---|---|---|
| ၁ | စက်မှုလုပ်ငန်း | ၅ | ၀ | ၀ | ၅ |
| ၂ | စိုက်ပျိုးရေးလုပ်ငန်း | ၄ | ၀ | ၀ | ၄ |
| ၃ | မွေးမြူရေးလုပ်ငန်း | ၈ | ၀ | ၀ | ၈ |
| ၄ | ရေထွက်ပစ္စည်းလုပ်ငန်း | ၁ | ၀ | ၀ | ၁ |
| ၅ | (ခရီးသွားလာရေး၊ သယ်ယူ ပို့ဆောင်ရေး၊ ဟိုတယ်) | ၁၁ | ၂ | ၀ | ၁၃ |
| ၆ | ပညာရေးလုပ်ငန်း | ၃ | ၀ | ၀ | ၃ |
| ၇ | ချေးငွေလုပ်ငန်း | ၀ | ၀ | ၀ | ၀ |
| ၈ | ဆောက်လုပ်ရေးလုပ်ငန်း | ၃ | ၁ | ၀ | ၄ |
| ၉ | စားသောက်ဆိုင်လုပ်ငန်း | ၀ | ၀ | ၀ | ၀ |
| ၁၀ | အခြား ………… | ၂၁ | ၀ | ၃ | ၂၄ |


ပုံ ၆ - ကရင်ပြည်နယ်အတွင်း ကောက်ယူရရှိသော လုပ်ငန်းနယ်ပယ်အမျိုးအစားများ

**ဆန်းစစ်ချက်။**

ပထဝီအနေအထားအရ နီးစပ်မှုရှိသည့် ပြည်နယ်နှစ်ခုအတွင်း၌ပင် အားကောင်းနေသော တနည်းအားဖြင့် အလားအလာရှိသော ဒေသတွင်း စီးပွားရေးအခွင့်အလမ်းမှာ များစွာ ကွဲပြားခြားနားနေသည်ကို တွေ့ရှိရသည်။ ဒေသတစ်ခုချင်းတွင် တမူထူးခြားပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိသော စီးပွားရေးစီမံကိန်းကြီးများ လုပ်ဆောင်ရာတွင် ထိုဒေသ၏ ပထဝီနယ်မြေအနေအထားနှင့် ရေခံ၊ မြေခံအားကောင်းမှု ဝိသေသလက္ခဏာတို့ အဓိကကျသည်။ ထို့အပြင် လူ့စွမ်းအား အရင်းအမြစ်အနေဖြင့် ၎င်းဒေသတွင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများ၏ ဗီဇ၊ ဓလေ့စရိုက်၊ ယဉ်ကျေးမှု၊ ပင်ကိုယ်စွမ်းရည်တို့သည်လည်း အရေးပါသည့် အကြောင်းရင်းများ ဖြစ်ပေသည်။ ဒေသ၏ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ အခွင့်အလမ်းများအတွက် အစီအစဉ်ရေးဆွဲ အကောင်အထည်ဖော်ရန်အတွက် စဉ်းစားပါက လူသားအရင်းအမြစ် ရှုထောင့်အရ ထည့်သွင်းစဉ်းစားသင့်ပါသည်။ ထိုဒေသတွင် နေထိုင်ကြသည့် လူမျိုးများ၊ ဒေသခံများ၏ ပင်ကိုယ်စွမ်းရည်ပိုင်းဆိုင်ရာအရ ကျွမ်းကျင်ပိုင်နိုင်သည့် နည်းပညာ သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းများကို ဦးစားပေးစီမံချက်အနေဖြင့် ဖော်ဆောင်မှသာ ပို၍ ခရီးရောက်မည်ဖြစ်ပါသည်။

## မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တွေ့ရှိချက်များအား ယှဉ်တွဲဆန်းစစ်လေ့လာခြင်း

ဒေသပထဝီအနေအထားအရ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့သည် နီးစပ်မှုရှိကြပြီး ထိုပြည်နယ်နှစ်ခုစလုံးတို့သည် အာရှ၏ အရှေ့အနောက် စီးပွားရေးစင်္ကြံပေါ်၌ အသီးသီးတည်ရှိကြသည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း အချက်အလက်အရ -




မွန်ပြည်နယ်တွင် လူဦးရေ ၂၀၅၄၃၉၃ ဦး ရှိပြီး မွန်လူမျိုးများ အများစု နေထိုင်ကာ ဗမာ၊ ကရင်၊ ပအိုဝ်းလူမျိုးများလည်း နေထိုင်ကြောင်း ဖော်ပြထားသည်။

ကရင်ပြည်နယ်၌မူ လူဦးရေ ၁၅၇၄၀၇၉ ဦး ရှိပြီး ကရင်လူမျိုးများ အများစု နေထိုင်ကာ ဗမာ၊ မွန်၊ ပအိုဝ်းနှင့် ပဒေါင်လူမျိုးများလည်း နေထိုင်ကြကြောင်း ဖော်ပြထားပါသည်။

အနာဂတ်တွင် ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စုအား တည်ထောင်ရန် ရည်ရွယ်ထားပြီးဖြစ်သည့် မြန်မာနိုင်ငံသည် ၎င်း၏ အစုအဖွဲ့များဆိုင်ရာ ဖွဲ့စည်းပုံနှင့် လုပ်ငန်းစဉ်များမှာ အထောက်အကူဖြစ်စေရန်အတွက် NEI မှ SME ကဏ္ဍ၏ Institutional Framework အားလည်း ဗဟိုချုပ်ကိုင်မှု ဖြေလျှော့ခြင်းချဉ်းကပ်နည်းလမ်းဖြင့် ဆန်းစစ်လေ့လာမှုများ ပြုလုပ်ခဲ့ပြီး ဤကဏ္ဍတွင် ထိုချဉ်းကပ်မှုဖြင့် စဉ်းစားထားသည့် အကြောင်းအရာများအား လေ့လာတင်ပြသွားမည်ဖြစ်သည်။

စစ်တမ်းအရ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့သည် အောက်ပါအချက်များအား တူညီစွာ ရှုမြင်ခဲ့ကြသည်။




(က) ပြည်ထောင်စုအစိုးရက ပြဋ္ဌာန်းသော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး မူဝါဒနှင့် ဥပဒေများသည် ဒေသတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုသည်။

( ခ) သက်ဆိုင်ရာပြည်နယ်အစိုးရ၏ မူဝါဒများနှင့် လုပ်ဆောင်ချက်များသည် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်၏ အသေးစား၊ အလတ်စားနှင့် အငယ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် သက်ရောက်မှု ရှိသည်။

( ဂ) လတ်တလောတွင် ဖြစ်ပွားနေသော နိုင်ငံရေး အပြောင်းအလဲများနှင့် မတည်ငြိမ်မှုများ၊ နိုင်ငံတကာဖိအားများသည် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်၏ အသေးစား အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ အပေါ်တွင် တိုက်ရိုက်အကျိုးသက်ရောက်မှု ရှိသည်။

ထို့ကြောင့် ဒေသတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု ရှိလာစေရန်အတွက် ပြည်ထောင်စုနှင့် ပြည်နယ်အဆင့်တို့၏ မူဝါဒဥပဒေ လုပ်ထုံးလုပ်နည်းများက တိုက်ရိုက်အကျိုးသက်ရောက်မှုရှိသကဲ့သို့ မြန်မာနိုင်ငံနှင့် ဆက်စပ်၍ ဖြစ်ပေါ်နေသည့် ကမ္ဘာနှင့် ဒေသတွင်းနိုင်ငံများ၏ ဖိအားများ (နိုင်ငံရေး၊ စီးပွားရေး အစရှိသည့်) အခြေအနေများသည်လည်းကောင်း မြန်မာနိုင်ငံတွင်းနှင့် သက်ဆိုင်ရာဒေသတွင်းဖြစ်ပေါ်နေသည့်မတည်ငြိမ်သည့်အခြေအနေများ (စစ်ရေး၊ နိုင်ငံရေး အစရှိသည့်) အခင်းအကျင်းများသည်လည်း ထိုလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုး တိုးတက်လာစေရန်အတွက် တိုက်ရိုက်အကျိုးသက်ရောက်မှု ရှိနေသည့် အရာများဖြစ်ကြောင်း သုံးသပ်ရှုမြင်နိုင်ပေသည်။

ကွဲပြားစွာ ရှုမြင်ခဲ့ကြသည့် အချက်အလက်များ



မွန်ပြည်နယ်တွင်းမှ စစ်တမ်းဖြေဆိုသူများကမူ ၂၀၁၅ ခုနှစ်တွင် ပြဌာန်းခဲ့သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးဥပဒေကို မသိရှိကြကြောင်း ဖြေဆိုထားပြီး ကရင်ပြည်နယ်မှ စစ်တမ်းဖြေဆိုသူများသည် ယင်းအသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးဥပဒေကို သိရှိကြသည်ဟု ကွဲပြားစွာ ဖြေဆိုထားကြသည်။

ထိုကွဲပြားချက်ကို အခြေခံ၍ စစ်တမ်းကောက်ယူခဲ့သည့် ပုံစံ၊ မေးခွန်းများ၊ သွားရောက်တွေ့ဆုံ မေးမြန်းခဲ့သည့်သူများအား NEI မှ ပြန်လည်စီစစ်ကြည့်သော် ကရင်ပြည်နယ်တွင် သွားရောက် တွေ့ဆုံမေးမြန်း၍ စစ်တမ်းအား ဖြေဆိုခဲ့ကြသူများမှာ SME လုပ်ငန်းတွင် ပါဝင်နေကြသည့် စီးပွားရေး အသင်းအဖွဲ့အသီးသီးမှ ကိုယ်စားပြုပါဝင်နေကြသော ပုဂ္ဂိုလ်များ ဖြစ်နေကြသည်။

မွန်ပြည်နယ်တွင်မူ သွားရောက်တွေ့ဆုံ မေးမြန်းခဲ့သူများမှာ ၎င်းတို့၏လုပ်ငန်းများမှာSMEလုပ်ငန်းအောက်တွင်ပါဝင်နေကြသော်လည်း ထိုသို့ပါဝင်နေသည်ဟု မသိရှိထားကြသည့် လုပ်ငန်းစုများမှ လူ၊ ပုဂ္ဂိုလ်များကို အဓိကသွားရောက်၍ တွေ့ဆုံ မေးမြန်းထားခြင်းဖြစ်သောကြောင့် မသိရှိကြကြောင်း ဖြေဆိုထားကြသည်ကို သုံးသပ်တွေ့ရှိရသည်။


မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ ကောက်ယူရရှိသော ကွဲပြားသည့် စစ်တမ်းတွေ့ရှိချက်ကို ဆက်လက်ဆန်းစစ်သော် SME လုပ်ငန်းစုတွင် ထဲထဲဝင်ဝင် ပါဝင်ပတ်သက်မှု ရှိနေကြသည့် စီးပွားရေး လုပ်ငန်းစုများမှ ပုဂ္ဂိုလ်များကသာ ယင်းအသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးဥပဒေကို အထိုက်အလျောက် သိရှိကြပြီး သာမန် မိရိုးဖလာလုပ်ကိုင်နေကြသည့် စီးပွားရေးလုပ်ငန်းများမှာ ထိုဥပဒေကို သိရှိနေကြခြင်း မရှိကြောင်း လေ့လာတွေ့ရှိရပေသည်။

သို့သော်လည်း ထိုအုပ်စုနှစ်စုစလုံးမှ ပုဂ္ဂိုလ်များက ယင်းအသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ဥပဒေသည် မိမိတို့၏ ဒေသတွင်းရှိ SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အထောက်အကူပြုမည်ဟု ယုံကြည်ကြောင်းကိုမူ တူညီစွာ မှတ်ချက်ပြုကြသည်။

### ၃.၁.၁ စီးပွားရေးလုပ်ငန်းရှင်များ၏ လက်တွေ့ကြုံတွေ့နေရသော အခက်အခဲများ

လက်ရှိအခြေအနေတွင် ပြည်နယ်နှစ်ခုလုံးရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အဓိကကြုံတွေ့နေရသော စိန်ခေါ်မှုများမှာ ဈေးကွက်နှင့် ကျွမ်းကျင်ဝန်ထမ်း ရှားပါးခြင်းဖြစ်ကြောင်း ထပ်တူဖော်ပြကြသည်။ မွန်ပြည်နယ်မှ လုပ်ငန်းရှင်များက လျှပ်စစ်မီးမရခြင်းနှင့် ရာသီဥတုပြောင်းလဲမှု အခက်အခဲတို့ကို နောက်ဆက်တွဲ ဦးစားပေးအဖြစ် ဖော်ပြကြကာ၊ ကရင်ပြည်နယ်ကမူ ပြည်နယ်အစိုးရ၏ စီမံခန့်ခွဲမှုနှင့် လမ်းပန်းဆက်သွယ်ရေးသည် ဒုတိယနှင့် တတိယအခက်အခဲအဖြစ် ရှိနေသည်။ ပြည်နယ်အစိုးရ၏ စီမံခန့်ခွဲမှုသည်လည်း ၂ ဖက်လုံးတွင် ဦးစားပေးအဆင့် ၅ ဆင့်ထဲတွင် ပါဝင်နေသည်။ ခြုံငုံသုံးသပ်ကြည့်ရပါမူ ဈေးကွက်နှင့် ကျွမ်းကျင်ဝန်ထမ်း ရှားပါးခြင်း ၊ ပြည်နယ်အစိုးရ စီမံခန့်ခွဲမှုနှင့် ရာသီဥတုပြောင်းလဲမှုတို့သည် ဘုံတူညီသော အခက်အခဲများ ဖြစ်နေကြသည်။

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်မှ စီးပွားရေးလုပ်ငန်းရှင်များက သုံးသပ်ကြသည့် MSME ကဏ္ဍ ဖွံ့ဖြိုးလာစေရန် အဓိကကြုံတွေ့နေရသည့် စိန်ခေါ်ချက်များအား အောက်ဖော်ပြပါဇယား၌ အသေးစိတ် ကြည့်ရှုနိုင်ပေသည်။




ပုံ ၇ - စီးပွားရေးလုပ်ငန်းရှင်များ၏ လက်တွေ့ကြုံတွေ့နေရသော အခက်အခဲများ

| မွန်ပြည်နယ် | ကရင်ပြည်နယ် |
|---|---|
| ၁။ ဈေးကွက်/ကျွမ်းကျင်ဝန်ထမ်းရှားပါးခြင်း | ၁။ ဈေးကွက် |
| ၂။ ရာသီဥတု ပြောင်းလဲမှု | ၂။ ကျွမ်းကျင်ဝန်ထမ်းရှားပါးခြင်း |
| ၃။ လျှပ်စစ်မီး မရရှိခြင်း | ၃။ ပြည်နယ်အစိုးရ၏ စီမံခန့်ခွဲမှု |
| ၄။ ပြည်နယ်အစိုးရ၏ စီမံခန့် ခွဲ မှု | ၄ ။ လမ်းပန်းဆက်သွယ်ရေး |
| ၅။မြေယာပိုင်ဆိုင်မှု မရှင်းလင်းခြင်း | ၅။ ရာသီဥတု ပြောင်းလဲမှု |

ပုံ ၈ - စီးပွားရေးလုပ်ငန်းရှင်များ၏ လက်တွေ့ကြုံတွေ့နေရသော
(ဦးစားပေးအဆင့်အလိုက်) အခက်အခဲများ

## ဆန်းစစ်ချက်။


ဈေးကွက်လက်လှမ်းမီမှုနှင့် ကျွမ်းကျင်လုပ်သားရှားပါးခြင်းသည် ပြည်နယ်နှစ်ခုစလုံးတို့တွင် အဓိကကျနေသည်။ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့သည် (၂၀၁၈)ခုနှစ်တွင် သဘာဝဘေးအန္တရာယ် ရေကြီးရေလျှံမှုဒဏ်ကို ဆိုးဆိုးဝါးဝါးကြုံတွေ့ခဲ့ရသည့် ပြည်နယ်များထဲတွင် ပါဝင်ပြီး ထိုနှစ်တွင် ကရင်ပြည်နယ်အနေဖြင့် ပို၍ ရက်ကြာရှည်စွာ ခံစားခဲ့ရသည်။ သို့သော် မွန်ပြည်နယ်သည် လက်ရှိ ရေခံမြေခံအရ အားကောင်းလျက်ရှိသည့် စက်မှုအခြေခံလုပ်ငန်းများသောကြောင့် ပျက်စီးဆုံးရှုံးမှုပိုမိုခဲ့ရာ ရာသီဥတုဖောက်ပြန်မှုသည် မွန်ပြည်နယ်အတွက် ဒုတိယစိန်ခေါ်မှုဖြစ်နေသည်ဟု သုံးသပ်သည်။ တဆက်တည်းမှာပင် မွန်ပြည်နယ်ရှိ စီးပွားရေးလုပ်ငန်းရှင်များက ၎င်းတို့၏ စက်မှုလုပ်ငန်း အခြေခံစီးပွားရေးလုပ်ငန်းစုများ ကောင်းမွန်စွာရှင်သန်လည်ပတ်နိုင်ရေးအတွက် ယုံကြည်စိတ်ချရပြီး ဖူလုံသည့် စွမ်းအင် (လျှပ်စစ်)ရရှိရေးကို တတိယဦးစားပေး စိန်ခေါ်မှုတစ်ခုအဖြစ် ဖြေဆိုခြင်းဖြစ်သည်ဟု သုံးသပ်ပါသည်။

ကရင်ပြည်နယ်တွင်မူ လက်ရှိတွင် ရေခံမြေခံ စီးပွားရေးပတ်ဝန်းကျင်ကောင်းအရ နယ်စပ်ဖြတ်ကျော် ကုန်သွယ်ရေးလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းအခြေပြု စီးပွားရေးလုပ်ငန်းများမှာ အားကောင်းလျက်ရှိနေသည်။ လုပ်ငန်းစုထုတ်ကုန်များနှင့် လိုအပ်သည့် ကုန်ကြမ်းများ လျင်မြန်ချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်ရေးအတွက် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းနှင့် ထောက်/ပို့လမ်းကြောင်းကွင်းဆက်များ လိုအပ်ကြောင်း ဖြေဆိုသည်ဟု သုံးသပ်ပါသည်။ ပင်မ စီးပွားရေး ရေခံမြေခံအတွက် ပြည်နယ်အစိုးရ၏ စီမံခန့်ခွဲမှုအပြင် အစိုးရဌာနဆိုင်ရာများနှင့် ဆက်စပ်လုပ်ကိုင်ရသည့် ကိစ္စရပ်များသည်လည်း သက်ဆိုင်ရာ ပြည်နယ်နှစ်ခုလုံးအတွက် ဦးစားပေး စိန်ခေါ်ချက်ဖြစ်နေကြောင်း လေ့လာသုံးသပ်ရသည်။



### ၃.၁.၂ အသေးစား၊ အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိက တာဝန်ရှိသူများ

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရာတွင် အဓိကဆောင်ရွက်ရန် တာဝန်ရှိသူများကို ရွေးချယ်ရာတွင် ပြည်နယ်အစိုးရသည်သာ တာဝန်အရှိဆုံးဟု ပြည်နယ် ၂ ခုလုံးမှ ထပ်တူကျစွာ ဖြေဆိုထားကြသည်။




ပုံ ၉ - အသေးစားနှင့် အလတ်စားစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကတာဝန်ရှိသူများ
(ဖြေဆိုမှုရလဒ်မှာ အရေးကြီး ဦးစားပေးအဆင့်အတိုင်း ပြထားခြင်းဖြစ်သည်။)

**ဆန်းစစ်ချက်။**

နိုင်ငံ၏ အခြေခံဥပဒေပါပေးထားချက်အရ နိုင်ငံတော်၏ စီးပွားရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆုံးဖြတ်နိုင်စွမ်းနှင့် လုပ်ပိုင်ခွင့်တို့မှာ ပြည်ထောင်စုအစိုးရ၌သာ ပို၍ အာဂဏာရှိကြောင်း ပြဌာန်းထားသော်လည်း သက်ဆိုင်ရာတိုင်းနှင့် ပြည်နယ်များတွင် နေထိုင်ကြသည့်သူများကမူ မိမိတို့၏ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများကသာ ဒေသတွင်းစီးပွားရေး တိုးတက်လာစေရန်အတွက် အဓိကတာဝန်ရှိသူများအဖြစ် မှတ်ယူထားကြသည်။ သို့ဖြစ်၍ သက်ဆိုင်ရာ ပြည်နယ်အစိုးရ၏ စီမံခန့်ခွဲမှု၊ စွမ်းဆောင်ရည်နှင့် သက်ဆိုင်သည့် ပြည်ထောင်စုအဆင့် ဌာနဆိုင်များနှင့် စေ့စပ်ညှိနှိုင်းနိုင်စွမ်းသည် ပို၍ အရေးကြီးနေသည်ဟု သုံးသပ်ရသည်။

ဆက်လက်၍ ဒေသတွင်းစီးပွားရေးအသင်းအဖွဲ့များ အားကောင်းရန် အစိုးရအနေဖြင့် ပံ့ပိုးလုပ်ဆောင်မှုများ ၊ ထိန်းကျောင်းပေးမှုများ ဖော်ဆောင်ရန် လိုအပ်သည်။

### ၃.၁.၃ အသေးစား၊ အလတ်စား စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရာတွင် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း အရေးပါသော ဌာနဆိုင်ရာများ -

NEI စစ်တမ်းတွင် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ စီးပွားရေး လုပ်ငန်းစုများမှ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းစုများ (MSMEs or SMEs) အဓိကကျသည့် စီးပွားရေးအစုဖွဲ့များနှင့် ဆက်စပ်ဌာနဆိုင်ရာများအား ဖော်ထုတ်နိုင်ရန် မေးမြန်းခဲ့ရာ အောက်ဖော်ပြပါအတိုင်း မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ အစိုးရဌာနဆိုင်ရာများအနက် ၎င်းတို့အတွက် အရေးပါသည့် ဌာန ၃ ခုစီကို ဦးစားပေး ဖြေကြားစေသည်။

ဇယား (၁) အရေးပါသော ဌာနများ

| ဌာနများ | မွန်ပြည်နယ် % | ကရင်ပြည်နယ် % |
|---|---|---|
| အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးရေးဌာန - SME ဌာန | ၄% | ၂၄% |
| ရသုံးမှန်းခြေ ငွေစာရင်းဌာန | ၆% | ၂% |
| မြေစာရင်းဌာန | ၁၄% | ၆% |
| စီးပွားကူးသန်းဌာန | ၅% | ၁၄% |
| စိုက်ပျိုးရေးဌာန | ၁% | ၅% |
| မွေးမြူရေးဌာန | ၁၅% | ၃% |
| ပြည်တွင်းအခွန်ဌာန | ၁% | ၁၇% |
| ဗဟိုစာရင်းအင်းဌာန | ၅% | ၁% |
| စီမံကိန်းဌာန | ၁၄% | ၈% |
| စည်ပင်သာယာရေးဌာန | ၂% | ၁၂% |
| ပို့ဆောင်ရေးဌာန | ၅% | ၀% |
| မြန်မာ့စီးပွားရေးဘဏ် | ၁၁% | ၁% |
| လျှပ်စစ်လုပ်ငန်း | ၁၇% | ၆% |
| အခြား | ၀% | ၁% |

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့၏ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းစုများ (MSMEs or SMEs) အနေအထားနစ်ခုတည်းကိုပင် ယှဥ်၍ သုံးသပ်ကြည့်ပါမူ မတူညီသည့် လုပ်ပိုင်ခွင့် လုပ်ထုံးလုပ်နည်းများအား ဖြေလျှော့ပေးရန် လိုအပ်နေကြောင်း ထင်ထင်ရှားရှားမြင်တွေ့ရပေသည်။

| မွန်ပြည်နယ် | ကရင်ပြည်နယ် |
|---|---|
| ၁။ လျှပ်စစ်လုပ်ငန်း | ၁။ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးရေးဌာန - SME ဌာန |
| ၂။ မွေးမြူရေးဌာန | ၂။ ပြည်တွင်းအခွန်ဌာန |
| ၃။ မြေစာရင်းဌာန | ၃။ စီးပွားကူးသန်းဌာန |
| ၄။ မြန်မာ့စီးပွားရေးဘဏ် | ၄။ စည်ပင်သာယာရေးဌာန |
| ၅။ ရသုံးမှန်းခြေ ငွေစာရင်းဌာန | ၅။ စီမံကိန်းဌာန |

ပုံ ၁၀ - အသေးစား၊ အလတ်စား စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရာတွင် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း အရေးပါသော ဌာနဆိုင်ရာများ-(ဦးစားပေးအဆင့်အလိုက် ပြထားခြင်းဖြစ်သည်။)


### ဆန်းစစ်ချက်။

စက်မှုကဏ္ဍ အခြေပြုသော လုပ်ငန်းစုများ ပိုများသည့် မွန်ပြည်နယ်တွင် လျှပ်စစ်လိုအပ်ချက် မြင့်လာပြီး လုပ်ငန်းလည်ပတ်ငွေ ရရှိနိုင်ရန် ချေးငွေဆိုင်ရာဆက်စပ်နေသည့် အစိုးရအဖွဲ့အစည်းများသည် အဓိကကျလာသည်ကို သတိပြုမိသည်။

ခရီးသွားဝန်ဆောင်မှုနှင့် နယ်စပ်ကုန်သွယ်မှုကို အဓိကထားသော ကရင်ပြည်နယ်အနေဖြင့်မူ ထိုကဏ္ဍများနှင့် အဓိကဆက်စပ်နေသည့် အစိုးရအဖွဲ့အစည်းများက ပိုမိုအရေးပါသည်ဟု ဖြေဆိုထားကြသည်။ ထိုတွေ့ရှိချက်များကို အခြေပြု၍ကား သက်ဆိုင်ရာ အစိုးရများမှ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းစုများ (MSME or SME) ဖွံ့ဖြိုးတိုးတက်စေရေးအလို့ငှာ ထိုဒေသတွင်း အားကောင်းနေသည့် ရေခံမြေခံစီးပွားရေးလုပ်ငန်းများအား ပိုမိုအကျိုးသက်ရောက်စေမည့် ဖြေလျော့မှုများ လုပ်ဆောင်ပါက ပိုမိုထိရောက်နိုင်ကြောင်း သုံးသပ်တွေ့ရှိရပေသည်။

### ၃.၁.၄ အသေးစားနှင့် အလတ်စားစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဌာနဆိုင်ရာများ၏ စွမ်းဆောင်ရည်ပြည့်ဝစေရန် အဓိကလိုအပ်သော အရာများ

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာများ၏ စွမ်းဆောင်ရည် ပြည့်ဝစေရန်အတွက် အဓိကလိုအပ်သောအရာများကို မေးမြန်းရာတွင် လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်ရှိခြင်းသည် အဓိကလိုအပ်သည်ဟု ပြည်နယ်နှစ်ခုလုံးမှ ထပ်တူကျစွာ ဖြေဆိုထားကြသည်။ ထို့ပြင် နိုင်ငံတကာလေ့လာရေး အတွေ့အကြုံလိုအပ်ခြင်း၊ စီမံခန့်ခွဲမှုကောင်းခြင်းနှင့် လုပ်ငန်းနည်းစနစ်များတိုးတက်စေခြင်းတို့သည်လည်း ပြည်နယ် ၂ ခုလုံး ယေဘုယျအားဖြင့် ထပ်တူကျနေသည်ကို အံ့သြဖွယ်တွေ့ရသည်။




ပုံ ၁၁ - ဌာနဆိုင်ရာများ၏ စွမ်းဆောင်ရည်ပြည့်ဝစေရန် လိုအပ်သော အရာများ

| မွန်ပြည်နယ် | ကရင်ပြည်နယ် |
|---|---|
| ၁။ လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့် ရှိခြင်း။ | ၁။ လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့် ရှိခြင်း။ |
| ၂။ နိုင်ငံတကာလေ့လာရေး အတွေ့အကြုံလိုအပ်ခြင်း။ | ၂။ ဘက်ဂျက်လုံလောက်မှုရှိခြင်း။ |
| ၃။ ဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကောင်းမွန်ခြင်း။ | ၃။ နိုင်ငံတကာလေ့လာရေး အတွေ့အကြုံလိုအပ်ခြင်း။ |
| ၄။ စီမံခန့် ခွဲမှုကောင်းမွန်ခြင်း။ | ၄။ လုပ်ငန်းနည်းစနစ်များတိုးတက်စေခြင်း။ |
| ၅။ လုပ်ငန်းနည်းစနစ်များ တိုးတက်စေခြင်း။ | ၅။ စီမံခန့် ခွဲမှုကောင်းမွန်ခြင်း။ |

### ၃.၁.၅ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် မွန်နှင့် ကရင်ပြည်နယ်တွင် ကောက်ယူခဲ့သော စစ်တမ်းကို အခြေခံ၍ ဗဟိုချုပ်ကိုင်မှုလျှော့ချရေးရှုထောင့်မှ Institutional Framework အား လေ့လာဆန်းစစ်ခြင်း

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်နစ်ဖက်မှ စစ်တမ်းဖြေဆိုသူများက မိမိတို့၏ဒေသတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် မိမိတို့၏ ပြည်နယ်အစိုးရများသည် အဓိကပိုကျသည့် တာဝန်ရှိသူများအဖြစ် တူညီစွာ ဖြေဆိုခဲ့ကြသည်။

သို့သော်လည်း ထိုရှုမြင်မှုသည် အလွန်ပင် ယေဘုယျဆန်သည့် ရှုမြင်ခြင်းဖြစ်ပြီး တည်ဆဲဥပဒေအရ ပြည်ထောင်စုနှင့် ပြည်နယ်အဆင့်တို့၏ အာဏာခွဲဝေသည့် ပုံစံများ၊ တည်ဆဲဥပဒေ၏ ခွင့်ပြုထားသည့် ပြည်ထောင်စုနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့အကြား အာဏာခွဲဝေရေးကဏ္ဍတို့ကို တစ်ခုချင်းစီအလိုက် ပြန်လည်၍ သုံးသပ်ရဦးမည်ဖြစ်သည်။

ယေဘုယျအားဖြင့်မူ ပြည်ထောင်စုအစိုးရက တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများသို့ ဗဟိုချုပ်ကိုင်မှုများ ပိုမိုလျှော့ချပေးရန် လိုအပ်နေသည်ဟု စစ်တမ်းဖြေဆိုသူများက ယူဆနေကြောင်း သုံးသပ်တွေ့ရှိနိုင်ပေသည်။

ဆက်လက်၍ ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်အဆင့်ရှိ SME ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် တာဝန်ယူ အကောင်အထည်ဖော်နေသည့် အဖွဲ့အစည်း SME Agency ၏ ဖွဲ့စည်းပုံနှင့် အကောင်အထည်ဖော်မှု လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ စစ်တမ်း၌ ဆန်းစစ်ခဲ့ရာ -

MSME ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အကောင်အထည်ဖော်ဆောင်ရွက်နေသော ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ အေဂျင်စီ၊ အေဂျင်စီရုံးခွဲများ၊ SME ကဏ္ဍတွင် ပါဝင်သည့် ပြည်ထောင်စုနှင့် ပြည်နယ်အဆင့်တို့မှ ဆက်စပ်ဝန်ကြီးဌာနများ၏ ဖွဲ့စည်းပုံနှင့် ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်များမှာ ရှင်းရှင်းလင်းလင်းရှိမနေသည့်အပြင် အဆင့်ဆင့်မှချမှတ်သော လုပ်ငန်းစဉ်အစီအမံများနှင့် မျှော်မှန်းရလဒ်များသည်လည်း မြေပြင်အခြေအနေများနှင့် ကင်းကွာ၍ လက်တွေ့ကျမှု အားနည်းနေကြောင်း စစ်တမ်းဖြေဆိုသူများက မှတ်ချက်ပြုခဲ့ကြသည်။

SME ဥပဒေပါ အကောင်အထည်ဖော်မှုပုံစံအရ ဝန်ကြီးဌာနတစ်ခုတည်း ပါဝင်နေခြင်းမဟုတ်ပဲ ပြည်ထောင်စုအဆင့်၌လည်း ဝန်ကြီးဌာနပေါင်းများစွာ ပါဝင်သကဲ့သို့ ပြည်နယ်အဆင့်တွင်လည်း ဝန်ကြီးဌာနတစ်ခုထက်မက ပါဝင်နေပေသည်။

ထို့ပြင် ဖွဲ့စည်းပုံအရ SME Agency တွင် ပါဝင်၍ တာဝန်ထမ်းဆောင်ရသည့် ဌာနဆိုင်ရာ ဝန်ထမ်းများသည် တစ်ဖက်၌ မိခင်ဌာန၏ တာဝန်ဝတ္တရားများ ရှိနေသကဲ့သို့ SME Agency တွင် ထမ်းဆောင်ရသည့် တာဝန်ဝတ္တရားများလည်း ရှိနေပေသည်။

လူတစ်ဦးတည်းက တာဝန်ဝတ္တရားများစွာကို တစ်ပြိုင်နက်တည်း ထမ်းဆောင်နေရခြင်းကြောင့် လုပ်ငန်းစွမ်းဆောင်နိုင်ရည်နှင့် ထိရောက်နိုင်စွမ်းတို့မှာ အကန့်အသတ်များ ရှိနေကြောင်း သုံးသပ်တွေ့ရှိရပေသည်။

ခြုံငုံသုံးသပ်၍ဆိုရပါမူ စစ်တမ်းဖြေဆိုသူများသည် ပြီးခဲ့သည့်အစိုးရနှင့် လက်ရှိအစိုးရနစ်ရပ်စလုံးတို့မှ ပြည်ထောင်စုအစိုးရမှ ဗဟိုချုပ်ကိုင်မှုလျှော့ချ၍ ပြည်နယ်အစိုးရ

များထံသို့ အာဏာပိုမိုခွဲဝေပေးနိုင်ရန် ပြင်ဆင်လုပ်ဆောင်နေကြသည်ဟု ယူဆကြောင်း ၎င်းတို့၏အမြင်ကို စစ်တမ်း၌ ထုတ်ဖော်ပြောဆိုခဲ့ကြသည်။

သို့သော်လည်း ထိုသို့အစိုးရမှ အစပျိုးဦးဆောင်နေသည့် ဗဟိုချုပ်ကိုင်မှု လျှော့ချရေးလုပ်ငန်းစဉ်များတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ပညာရှင်များနှင့် မီဒီယာများမှ အထိုက်အလျောက် ထောက်ပြပြောဆိုခွင့်ရကြပြီး ပြည်သူများကမူ ပါဝင်ပြောဆိုခွင့် မရသေးကြောင်း စစ်တမ်းတွင် ဖြေဆိုခဲ့ကြသည်။

ဆက်လက်၍လည်း ပြည်သူများက ၎င်းတို့ပြည်နယ်များ၌ရှိသည့် ဝန်ကြီးချုပ်များ၊ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ စွမ်းဆောင်ရည်နှင့်ပတ်သတ်၍ စိတ်ကျေနပ်မှု မရသေးပဲ ယခုထက် ပို၍စွမ်းရည်ပြည့်ဝရန် လိုအပ်ကြောင်း ထောက်ပြပြောဆိုခဲ့ပါသည်။

ပြည်နယ်အတွင်းရှိ အနာဂတ်စီမံကိန်းဆိုင်ရာ ကိစ္စရပ်များကို ပြည်ထောင်စုအဆင့်မှ ညွှန်ကြားလုပ်ဆောင်ခြင်းမျိုးမဟုတ်ပဲ သက်ဆိုင်ရာ ပြည်နယ်အစိုးရများနှင့် ဝန်ကြီးဌာနများ၊ ဌာနဆိုင်ရာဝန်ထမ်းများက တာဝန်ယူမှု၊ တာဝန်ခံမှု ဖြန့်ချပေးပြီး လုပ်ကိုင်စေခြင်းကို ပို၍လိုလားကြောင်း စစ်တမ်းမေးခွန်းအား ဖြေဆိုခဲ့ကြသည်။ ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များနှင့် အခွန်အခကောက်ခံရေးဆိုင်ရာများတွင်လည်း ဖြေလျှော့မှုများ ပြုလုပ်ရန် လိုအပ်နေကြောင်း မှတ်ချက်ပြု၍ စစ်တမ်းအား ဖြေကြားခဲ့ကြသည်။

## ၃.၂ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗဟိုချုပ်ကိုင်မှု လျှော့ချရေးနှင့်ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားအမြင်များ

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗဟိုချုပ်ကိုင်မှုလျှော့ချရေးနှင့် ပတ်သက်ပြီး ပြည်ထောင်စုအဆင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်တို့မှလွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ လတ်တလောဖြစ်နေသည့် အခြေအနေများကို အောက်ပါအတိုင်း ဆွေးနွေးဖြေကြားခဲ့ကြသည်။

### ပြည်ထောင်စုအဆင့် လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားအမြင်

- ပြည်ထောင်စုအဆင့်တွင် အမှန်တကယ်လိုအပ်သောအဆိုများ တင်သွင်းရာတွင် အဆင့်ဆင့်စီစစ်ခြင်းရှိနေသည်။ စီစစ်သူအချို့သည် သက်ဆိုင်သည့် နယ်ပယ်ကို ထဲထဲဝင်ဝင်နားလည်နိုင်ရန် တနည်းအားဖြင့် ကျွမ်းကျင်သူများ မဟုတ်သည့်အတွက် ဥပဒေပြု ကိုယ်စားလှယ်များက အားမရမှုများ ရှိနေသည်။
- လွှတ်တော်နှင့် အစိုးရဌာနများ ထိတွေ့မှုအားနည်းနေပြီး ဥပဒေပြုရေးမဏ္ဍိုင်တွင်လည်း ပြည်ထောင်စုနှင့် ပြည်နယ်အကြား၊ သက်ဆိုင်ရာရေးရာကော်မတီအချင်းချင်း ထိတွေ့မှုနှင့် ချိတ်ဆက်ဆောင်ရွက်မှု အားနည်းသည်။
- သက်ဆိုင်ရာဥပဒေကို အဆိုတင်သွင်းမည်ဆိုပါက အဆိုပါအကြောင်းအရာကို တတ်ကျွမ်းနားလည်သူများ ပါဝင်မှုအားနည်းသည့်အပြင် အကောင်

အထည်ဖော်ဆောင်ရွက်မည့် သက်ဆိုင်ရာ အစိုးရဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ချိတ်ဆက်မှုလည်း အားနည်းသည်။

## ပြည်နယ်အဆင့် လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားအမြင်

- ဒေသတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လွှတ်တော်များအနေဖြင့် မိမိတို့၏လုပ်ပိုင်ခွင့်များကို ကွဲကွဲပြားပြားသိရှိမှု အားနည်းသည်။
- ဒေသတွင်း အခွန်ကောက်ခံမှု၊ ငွေကြေးသုံးစွဲမှုနှင့် သက်ဆိုင်သော ဥပဒေများ၊ ဒေသနှင့်ကိုက်ညီသော စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် ဥပဒေများ ပြဌာန်းနိုင်မှု မရှိသေးပေ။
- အုပ်ချုပ်ရေးတွင် ရှုပ်ထွေးသော လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် တာဝန်ခွဲဝေမှု မရှင်းလင်းခြင်းတို့ကြောင့် လွှတ်တော်များအနေဖြင့် အုပ်ချုပ်ရေးယန္တယား၏ လုပ်ငန်းသဘောတရားများကို နားလည်နိုင်မှု အားနည်းသေးသည်။ ထို့အတွက် ထိရောက်သောဥပဒေများ ပြဌာန်းနိုင်ခြင်းနှင့် အပြန်အလှန် ထိန်းညှိခြင်းများ အားနည်းနေသည်။

လွှတ်တော်ကိုယ်စားလှယ်များမှ အုပ်ချုပ်ရေးကဏ္ဍတွင်မူ ယခုကဲ့သို့ သုံးသပ်ထားကြသည်။

- ပြည်နယ်အစိုးရအဖွဲ့သည် မိမိတို့၏ လုပ်ပိုင်ခွင့်များကို သိရှိနားလည်မှု အားနည်းကြသည်။
- ဆုံးဖြတ်ချက်ချနိုင်သည့် စွမ်းဆောင်ရည်များ နည်းပါးကြသည်။ အစိုးရ၏ အင်္ဂါစဉ်ကြောင့် အချင်းချင်းပူးပေါင်းဆောင်ရွက်မှု ပြုလုပ်ရာတွင် အဟန့်အတားများ ဖြစ်နေစေသည်။
- မိမိတို့ဒေသ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဌာန်းချက်များကို သိရှိပြီး ထိထိရောက်ရောက် လုပ်နိုင်ရန် လိုအပ်သည်။ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများအကြား ဖွဲ့စည်းပုံ ရှင်းလင်းမှု မရှိခြင်း၊ လုပ်ပိုင်ခွင့်နှင့် လုပ်ထုံးလုပ်နည်းများအား ကွဲကွဲပြားပြားမရှိခြင်းတို့ကြောင့် ဗဟိုမှ တိုက်ရိုက်ညွှန်ကြားချက်များကိုသာ အကောင်အထည်ဖော်ဆောင်ရွက်နေကြသည်။
- သက်ဆိုင်ရာ ဝန်ကြီးဌာနများက မူဝါဒညွှန်ကြားချက်များပေးပြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့က အကောင်အထည်ဖော်ခြင်း၊ တာဝန်ခံခြင်း၊ တာဝန်ယူခြင်းများကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်စွမ်း အားနည်းနေသေးသည်။
- ပြည်နယ်အစိုးရများ၏ အခွန်ကောက်ခံမှုနှင့် ဘဏ္ဍာငွေသုံးစွဲမှုမှာ လက်ရှိအချိန်အထိ ပြည်ထောင်စုအစိုးရ၏ လမ်းညွှန်ချက်အတိုင်းပင်ဖြစ်သည်။

## ၃.၃ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗဟို ချုပ်ကိုင်မှုလျှော့ချရေးနှင့် ပတ်သက်ပြီး ဌာနဆိုင်ရာများ၏ သဘောထားအမြင်များ

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗဟို ချုပ်ကိုင်မှု လျှော့ချရေးနှင့်ပတ်သက်ပြီး ပြည်ထောင်စုအဆင့်သာမက မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ရှိ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းအေဂျင်စီတွင် ပါဝင်သော ဌာနများ သည် မူလကတည်းကပင် ၎င်းတို့၏ ဌာနတွင်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ဖွဲ့စည်း ပုံများ ရှိပြီးဖြစ်သည်။

သက်ဆိုင်ရာဝန်ကြီးဌာနများက မူဝါဒများ၊ လမ်းညွှန်ချက်များ ချမှတ်ပြီး ပြည်နယ် အစိုးရအဖွဲ့က ထိန်းကျောင်းပေးခြင်း၊ ဘဏ္ဍာရေးဆိုင်ရာ ခွဲဝေသုံးစွဲခွင့်ပေးထားခြင်းများ ရှိပြီးဖြစ်သည်။

သို့သော် တချို့သောဥပဒေများမှာ ဝန်ကြီးဌာနတခုနှင့် တခုအကြား ထပ်နေခြင်း၊ ဆန့်ကျင်မှု ရှိနေခြင်းများလည်း ရှိသည်။ ဥပမာအားဖြင့် စက်မှုကြီးကြပ်နှင့် စစ်ဆေးရေးဦးစီး ဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့၏ ဥပဒေများ၊ မူဝါဒများ၊ လုပ်ထုံး လုပ်နည်းများဖြစ်သည်။

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းအေဂျင်စီတွင် တချို့သော ဌာန များမှာ မပါဝင်ဘဲ ကျန်ရှိနေသည်။ ဥပမာအားဖြင့် မွန်ပြည်နယ်၏ပြည်နယ်အေဂျင်စီတွင်မှု စားသုံးသူရေးရာဦးစီးဌာန၏ ပင်မလုပ်ငန်းသည် ဒေသတွင်း စီးပွားရေးလုပ်ငန်းငယ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ချိတ်ဆက်ပေးခြင်းများ၊ ဒေသတွင်းလုပ်ငန်းများအတွက် ကုန်စည် ပြပွဲများကို ဆောင်ရွက်ရသော်လည်း အေဂျင်စီ တွင် မပါဝင်ဘဲ ကျန်ရှိနေသည်။ အလားတူ အခြားဌာနများလည်း ရှိသေးသည်။

အေဂျင်စီကို ပြည်နယ်အဆင့်တွင် ဖွဲ့စည်းထားသော်လည်း လက်တွေ့တွင် ပြည်ထောင်စုအဆင့် အသေးစား၊ အလတ်စားနှင့် အငယ်စား စီးပွားရေးလုပ်ငန်းများ ဦးစီးဌာနက တိုက်ရိုက်ညွှန်ကြားသည်။

ပြည်နယ်အဆင့် အသေးစားနှင့် အလတ်စားဦးစီးဌာနသည် စက်မှုကြီးကြပ်နှင့် စစ်ဆေးရေးဦးစီးဌာနလက်အောက် ဌာနငယ်တခုအနေဖြင့် ရှိနေပြီး လက်တွေ့တွင် အေဂျင်စီ၏ ဆုံချက်အနေဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ အေဂျင်စီတွင် ပါဝင် သော ဌာနများအနေဖြင့် မိမိတို့၏မူလပင်မလုပ်ငန်းများလား၊ အေဂျင်စီ၏ အလုပ်လား ဟူ၍ ကွဲပြားမှုမရှိဖြစ်နေသည်။

လက်ရှိတွင် ပါဝင်သော ဌာနများအားလုံးသည် ချိတ်ဆက်မှုရှိသော်လည်း အေဂျင်စီအနေဖြင့် ချိတ်ဆက်ခြင်းထက် မိမိတို့၏ ပင်မလုပ်ငန်းနှင့် သက်ဆိုင်၍ မူလ ကတည်းက ချိတ်ဆက်မှုရှိနေခြင်းသဘောမျိုးဖြစ်သည်။

အေဂျင်စီ၏ ဥက္ကဋ္ဌအနေဖြင့်လည်း လုပ်ငန်းတာဝန်များ များပြားခြင်းကြောင့် တွဲဖက်အတွင်းရေးမှူးအဖြစ် တာဝန်ယူထားသော အေဂျင်စီနှင့် တိုက်ရိုက်သက်ဆိုင်နေ သည်ဟု ယူဆထားသည့် စက်မှုကြီးကြပ်နှင့် စစ်ဆေးရေးဦးစီးဌာနက ပြည်ထောင်စု အဆင့်၏ တိုက်ရိုက်ညွှန်ကြားချက်များကို တာဝန်ယူဆောင်ရွက်နေသည်။

အကျိုးဆက်အားဖြင့် အလုပ်တာဝန်များ ပိုများလာပြီး အေဂျင်စီအနေဖြင့် ဆောင်ရွက်ခြင်းထက် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဦးစီးဌာနက တိုက်ရိုက်လုပ်ဆောင်နေရသည်။


အေဂျင်စီဖွဲ့စည်းပြီး ဥပဒေတွင် လုပ်ငန်းတာဝန်များကို သတ်မှတ်ပြဋ္ဌာန်းပြီး ဖြစ်သော်လည်း ပါဝင်နေသော ဌာနဆိုင်ရာများ၊ လူပုဂ္ဂိုလ်တဦးချင်း၏ တာဝန်နှင့် ဝတ္တရားများကို သတ်မှတ်ပြဋ္ဌာန်းခြင်းမရှိသေးပါ။ ထို့ပြင် အေဂျင်စီ၏ လုပ်ထုံးလုပ်နည်းများ (Standard Operation Procedure-SOP)များလည်း မရေးဆွဲရသေးပေ။

ဘဏ္ဍာငွေ ခွဲဝေသုံးစွဲမှုနှင့် ပတ်သက်ပြီး လက်ရှိတွင် ဗဟိုအစိုးရက ချမှတ်ပေးထားသော ငွေကြေးအပေါ်တွင်သာ သုံးစွဲမှုရှိသည်။

အေဂျင်စီအနေဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်၊ လုပ်ဆောင်ချက်များကို ထိထိရောက်ရောက်ဆောင်ရွက်ရန် သီးခြားရန်ပုံငွေ မရှိသေးပေ။

မဟာဗျူဟာနှင့် SOP manual ရေးဆွဲထားပြီးသော ဌာနများသည် ပြည်ထောင်စုနှင့် ပြည်နယ်အကြား ပို၍ထိရောက်သော ဖြေလျော့ပေးမှုများ လုပ်နိုင်ကြသည်။

Demand Driven Approach ဖြင့် စီမံချက်များကို ရေးဆွဲ အကောင်အထည်ဖော်နေကြသည့် ဌာနများအနေဖြင့် လူထုထောက်ခံမှုနှင့် ယုံကြည်မှု ပိုမိုရရှိသည်။



# အပိုင်း (၄)

## သုတေသနစစ်တမ်းအား ခြုံငုံသုံးသပ်ခြင်းနှင့် အကြံပြုခြင်း


## အပိုင်း (၄) သုတေသနစစ်တမ်းအား ခြုံငုံသုံးသပ်ခြင်းနှင့် အကြံပြုခြင်း

လက်ရှိတွင် MSME Agency အနေဖြင့် အာဆီယံနိုင်ငံများ၏ SME မူဝါဒ ညွှန်းကိန်းများအတိုင်း (ASEAN SME Policy Index - ASPI Dimensions) ပါဝင် ဆောင်ရွက်နေရပြီဖြစ်သည်။ ထို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် MSME Agency Action Plan များ လုပ်ဆောင်ရာ၌ အဆိုပါ ASPI အကြောင်းအရာ ၈ ခုပါ ညွှန်းကိန်းများဖြင့် ချိတ်ဆက် အကောင်အထည်ဖော်နိုင်ရန် စီစဉ်ဖော်ဆောင်နေပြီး ဖြစ်သည်။ တိုင်းတာသည့် ညွှန်းကိန်းများမှာ

1. Legislation, Regulation and Tax ဆိုင်ရာ ဆောင်ရွက်ရမည့် အစီအစဉ်များ
2. Productivity, Technology and Innovation - ထုတ်လုပ်မှု စွမ်းအား တိုးတက်ရေးနှင့် Cluster Development ဆိုင်ရာ ဆောင်ရွက်ရမည့် အစီအစဉ်များ၊ ဒေသအလိုက် Facilities များနှင့် Potential များ မြှင့်တင်ခြင်း ဆိုင်ရာ ဆောင်ရွက်ရမည့် အစီအစဉ်များ
3. Entrepreneurial Education and Skills- အမျိုးသမီးများနှင့် လူငယ်များ - Start up များအတွက် Capacity မြှင့်တင်ခြင်းဆိုင်ရာ ဆောင်ရွက်ရမည့် အစီအစဉ်များ
4. Access to Finance ရရှိရေးနှင့် Procedure လွယ်ကူချောမွေ့စေရေး ဆိုင်ရာ ဆောင်ရွက်ရမည့် အစီအစဉ်များ
5. Access to Market and Internationalization - ဈေးကွက်ရရှိရေးနှင့် နိုင်ငံတကာအဆင့်သို့ ဝင်ရောက်ရေးဆိုင်ရာ ဆောင်ရွက်ရမည့် အစီအစဉ်များ
6. Green SMEs ဆိုင်ရာ ဆောင်ရွက်ရမည့် အစီအစဉ်များ
7. Social Enterprise and Inclusive SMEs - လူမှုအကျိုးပြုလုပ်ငန်းများနှင့် အားလုံးပါဝင်သော MSME လုပ်ငန်းများ
8. Institutional Framework - အထောက်အကူပြု မူဘောင်ဆိုင်ရာ ဆောင်ရွက်ရမည့် အစီအစဉ်များ

အထောက်အကူပြု မူဘောင်ဆိုင်ရာ ခေါင်းစဉ်အောက်တွင်ပင် အဓိကအားဖြင့် MSME အဓိပ္ပါယ်သတ်မှတ်ချက်များ၊ မဟာဗျူဟာရေးဆွဲခြင်း၊ မူဝါဒပုံစံသတ်မှတ်ခြင်း၊ ညှိနှိုင်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ တရားမဝင်စီးပွားရေးလုပ်ငန်းများကို အရေးယူဆောင်ရွက်ရန် သတ်မှတ်ချက်များ ဖော်ဆောင်ခြင်းတို့ ပါဝင်နေသည်။

| ASPI Dimensions and Sub-Dimensions (Score-2018) | Myanmar | ASEAN (Median) |
|---|---|---|
| INSTITUTIONAL FRAMEWORK | 2.17 | 4.07 |
| 1. SME Definition | 3.77 | 4.51 |
| 2. Strategic Planning, Policy Design and Coordination | 2.35 | 4.26 |
| 3. Measures to Tackle Informal Economy | 1.29 | 3.28 |




ပုံ ၁၃- အာဆီယံနိုင်ငံများ၏ SME မူဝါဒ ညွှန်းကိန်းအတိုင်းအတာ (၂၀၁၈) - မြန်မာနိုင်ငံနှင့် အာဆီယံ

## ၄.၁ MSME ဖွံ့ဖြိုးမှုနှင့် ဈေးကွက်ဆိုင်ရာ သုံးသပ်ချက်



ဒေသတွင်း စီးပွားရေးအသင်းအဖွဲ့များ အားကောင်းရန် အစိုးရအနေဖြင့် ပံ့ပိုးလုပ်ဆောင်မှုများ၊ ထိန်းကျောင်းပေးမှုများ အားနည်းနေသည်ကို တွေ့ရှိရသည်။ ရွေးကောက်ခံစနစ်ဖြင့် ပြည်သူလူထုအား ကိုယ်စားပြု၍ တက်လာသည့် အစိုးရများတွင်လည်း မိမိဒေသ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လက်တွေ့ကျသော မျှော်မှန်းချက်များနှင့် အစီအစဉ်ကောင်းများ ချမှတ်နိုင်ရန် အားနည်းလျက်ရှိသည်။ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများမှ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် စဉ်းစားကြရာတွင် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုနှင့် စီမံကိန်းကြီးများကိုသာ ပစ်မှတ်ထား၍ စဉ်းစားနေကြသည်။ သစ်ကိုအခြေခံသော လက်မှုလုပ်ငန်းများ၊ သစ်တောထွက်ပစ္စည်းထဲတွင် ပါဝင်နေသော ဌက်သိုက်လုပ်ငန်းများအနေဖြင့်မှု သစ်တောဥပဒေပါအတိုင်း ဆောင်ရွက်ရသည့်အခါတွင် မြန်မာနိုင်ငံအတွင်း၌ပင် ကုန်စည်ရောင်းချခွင့်အတွက် အဆင့်ဆင့်တားမြစ် ကန့်သတ်ချက်များစွာရှိနေသဖြင့် အလုပ်မတွင်ပဲ ဖြစ်နေသည်။ သာဓကအားဖြင့် မွန်ပြည်နယ် ဘီးလူးကျွန်း ချောင်းဆုံမြို့နယ်ရှိ - ရွာလွတ်ရွာသည် လက်မှုလုပ်ငန်းဖြင့် ကျော်ကြားခဲ့သော်လည်း လက်ရှိတွင် သစ်ဝယ်ယူရရှိမှု ခက်ခဲလာခြင်းတနည်း ကုန်ကြမ်းရရှိမှု ခက်ခဲကြပ်တည်းလာသဖြင့် လက်မှုလုပ်ငန်း အခြေပြုသော ဒေသခံများမှာ မိရိုးဖလာလုပ်ငန်းကို စွန့်ခွာပြီး ထိုင်းနိုင်ငံ၊ ကိုးရီးယားနိုင်ငံများတွင် အလုပ်ကြမ်းအနေဖြင့် ရွှေ့ပြောင်းလုပ်ကိုင်မှု များလာသည်။ ငွေကြေးမတည်ငြိမ်စဉ်တွင် လုပ်ငန်းလည်ပတ်ငွေ ခက်ခဲလာကြသည်။ ဈေးငွေရရှိရန်အတွက်လည်း ခိုင်မာသည့် မြေယာပိုင်ဆိုင်မှု အထောက်အထားပြနိုင်ခြင်းမှာ အရေးပါသည့် အချက်ဖြစ်နေပြန်သည်။ သို့ရာတွင် ပြည်နယ်များရှိ မြို့နယ်အများစုမှာ ဂရမ်အမည်ပေါက် မချမှတ်ရသေးသော

ကြောင့်လည်းကောင်း၊ မြေယာခွဲဝေအသုံးချမှုလုပ်ငန်းစဉ်များ မရှင်းလင်းသလို လက်တွေ့ မကျနေခြင်းကြောင့်လည်းကောင်း ပိုင်ဆိုင်မှုအထောက်အထားပြရန် အဆင်မပြေမှု ဖြစ်စေပြန်သည်။ ဈေးငွေရရှိမှုသာ MSME လုပ်ငန်းများ ရှင်သန်ကြီးထွားနိုင်မည်ဖြစ်နေပြီး လက်တွေ့တွင်မူ ရန်ကုန်၊ မန္တလေးကဲ့သို့ တိုင်းဒေသကြီးများနှင့် မြို့ကြီးများရှိ အကြီးစား လုပ်ငန်းများသာ ပို၍ လက်လှမ်းမှီသော ဈေးငွေချမှတ်မှု သတ်မှတ်ချက်များ ဖြစ်နေသည်။

အကြံပြုချက်။

- သက်ဆိုင်ရာ ပြည်နယ်အစိုးရများအနေဖြင့် မိမိဒေသတွင်းရှိ အသေးစား အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပုံမှန်ဖြစ်ထွန်း တိုးတက်နေစေရန်အတွက် ထိရောက်သော စီမံချက်များ ချမှတ်၍ အကောင်အထည်ဖော်ပေးသင့်ပေသည်။ ဈေးကွက်စီးပွားရေးအရ တစ်ချိန်တွင် အသေးစား အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအား ပစ်မှတ်ထား၍ ဝင်ရောက်လာနိုင်ခြေရှိသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို မိမိဒေသတွင်းရှိ MSME လုပ်ငန်းများမှ ယှဉ်ပြိုင်နိုင်စွမ်းရှိမည် ဖြစ်ပါသည်။
- ဒေသတွင်းရှိ အလားလာရှိသော စီးပွားရေးနယ်ပယ်ပေါ် မူတည်၍ ဆက်စပ်သည့် လုပ်ပိုင်ခွင့် (တနည်း) လုပ်ထုံးလုပ်နည်းများ ဖြေလျော့ပေးခြင်းနှင့် လိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်ခြင်း ပြုလုပ်ပေးရန် လိုအပ်သည်။

## ၄.၂ MSME နှင့် ဆက်စပ်သည့် မူဘောင်တွင် ပါဝင်နေသော အစိုးရဌာနဆိုင်ရာများ၏ ဖွဲ့စည်းပုံနှင့် လုပ်ဆောင်မှုပုံစံဆိုင်ရာ သုံးသပ်ချက်

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေကို ပြဌာန်းပေးပြီး ပြည်နယ်အဆင့်တွင် အေဂျင်စီများ ဖွဲ့စည်းပေးပြီးဖြစ်သည်။ အေဂျင်စီများအနေဖြင့် နှစ်နှစ်တာ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ ရေးဆွဲထားပြီးလည်းဖြစ်သည်။ ဥပဒေပါပြဌာန်းချက်အရ ပြည်နယ်အဆင့် အေဂျင်စီများအား ဗဟိုကော်မတီ၏ ညွှန်ကြားချက်အရ လုပ်ငန်းကော်မတီက တိုက်ရိုက်ကြီးကြပ်ကွပ်ကဲခြင်း၊ လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့က အေဂျင်စီ၏ လုပ်ငန်းစွမ်းဆောင်ရည်ကို သုံးသပ်အစီရင်ခံခြင်းများ ပြုလုပ်ရမည်ဖြစ်သည်။ သို့ရာတွင် လက်တွေ့တွင် အေဂျင်စီအနေဖြင့် အဖွဲ့အစည်းပုံစံအနေအထားမျိုး ရှိမနေသေးသည် ဟု သုံးသပ်ရသည်။

သက်ဆိုင်ရာဝန်ကြီးဌာနများက မူဝါဒညွှန်ကြားချက်များ ပေးပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့က အကောင်အထည်ဖော်ခြင်း၊ တာဝန်ခံခြင်း၊ တာဝန်ယူခြင်းများကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်စွမ်း အားနည်းနေသည်။ အစိုးရ၏ အင်္ဂါစဉ်ကြောင့် အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုပြုလုပ်ရာတွင် အဟန့်အတားများ ဖြစ်နေစေသည်။ ဆုံးဖြတ်ချက်ချပေးသည့် ပြည်ထောင်စုအစိုးရဝန်ကြီးများနှင့် မူဝါဒအကောင်အထည်ဖော်သူများကြား ယုံကြည်မှု တည်ဆောက်ရသည်များ ရှိနေသည်။

တချို့သော ဥပဒေနှင့် မူဝါဒများမှာ ဝန်ကြီးဌာနတစ်ခုနှင့် တစ်ခု ထပ်နေခြင်း၊ ဆန့်ကျင်မှုရှိနေခြင်းများလည်း ရှိသည်။ (ဥပမာအားဖြင့် စက်မှုကြီးကြပ်နှင့် စစ်ဆေးရေး ဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန) SME Agency တွင် ပါဝင်ကြသည့် ဝန်ကြီးဌာနများအကြား အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းအရသော်လည်းကောင်း၊ ဥပဒေ၊ နည်းပဒေအရသော်လည်းကောင်း လွန်ဆွဲမှု၊ ထပ်တူမကျမှုစသည့် အချင်းချင်းကြား ညှိနှိုင်းဆောင်ရွက်၍ လုပ်ဆောင်ကြရန်မှာ ပြည်ထောင်စုအဆင့်တွင် ပို၍ လွယ်ကူလျင်မြန်နိုင်သော်လည်း ပြည်နယ်အဆင့်တွင်မူ လုပ်ပိုင်ခွင့်အနေအထားအရ ကြန့်ကြာနေနိုင်သည်။ အေဂျင်စီ၏ ဆောင်ရွက်ချက်များအနေဖြင့် မဟုတ်ဘဲ သက်ဆိုင်ရာဝန်ကြီးဌာန၏ ဦးစီးဌာနပုံစံမျိုးဖြင့်သာ ပြည်ထောင်စုအဆင့်က ညွှန်ကြားချက်များဖြင့် တိုက်ရိုက်အလုပ် လုပ်လျက်ရှိနေသည်။

ဌာနဆိုင်ရာများ၏ ဥပဒေများ လုပ်ထုံးလုပ်နည်းများသည် တခုနှင့်တခု ဆန့်ကျင်နေခြင်း၊ ထပ်နေခြင်းများကြောင့် သီးခြားဌာနအနေဖြင့် ဝန်ဆောင်မှုပေးရာတွင် ကွဲပြားမှုရှိသော်လည်း ပြည်သူများအား ဝန်ဆောင်မှုပေးရာတွင် ရှုပ်ထွေးသော လုပ်ငန်းစဉ်များကို ဖြစ်ပေါ်စေသည်။

အေဂျင်စီ၏လုပ်ပိုင်ခွင့် ရှင်းလင်းမှုမရှိခြင်းကြောင့် တွဲဖက်အတွင်းရေးမှူးအဖြစ် တာဝန်ယူထားရသော စက်မှုကြီးကြပ်နှင့် စစ်ဆေးရေးဦးစီးဌာန၏ တာဝန်ယူမှုနှင့် တာဝန်ခံမှုမှာလည်း တိကျသေချာမှုမရှိပေ။ MSME နှင့် သက်ဆိုင်သည့် ညွှန်ကြားရေးမှူးချုပ်သည်ပင်လျှင် MSME တိုးတက်မှုနှင့်စပ်လျဉ်းသည့် ပြည်ထောင်စုအဆင့် ကော်မရှင်နှင့် ကော်မတီစုစုပေါင်း (၃၄)ဖွဲ့တွင် ဥက္ကဋ္ဌ/အဖွဲ့ဝင်အနေဖြင့် ပါဝင်လုပ်ဆောင်လျက်ရှိသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ဝန်ထမ်းဖွဲ့စည်းပုံအရ အင်အားလုံလောက်မှု မရှိသေးခြင်း၊ ရုံးခန်းကဲ့သို့ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ပံ့ပိုးရန် လိုအပ်ချက်များ ရှိနေသေးသော်လည်း ဒေသ၏ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်အားထက်သန်မှုများရှိကြသည်။ ၄င်းတို့အင်အားနှင့် လုပ်နိုင်စွမ်းကို အသုံးပြုပြီး အားကျိုးမာန်တက် လုပ်ဆောင်လျက်ရှိနေကြသည်ကို အပြုသဘော သုံးသပ်မိသည်။

အခြေခံအဆောက်အဦးကြီးမားပြီး ရင်းနှီးမြှုပ်နှံမှုပမာဏများသော ဆက်သွယ်ရေးကဲ့သို့ ကဏ္ဍကို MSME အေဂျင်စီထဲတွင် ထည့်ဝင်ထားခြင်းသည် MSME သတ်မှတ်ချက်နှင့် ဆီလျော်မှုအားနည်းသည်။ သက်ဆိုင်ရာဌာနဖက်တွင်လည်း ဝန်ထမ်းအင်အား ကန့်သတ်မှုများရှိနေသဖြင့် ထဲထဲဝင်ဝင်ပါဝင်ပေးနိုင်ရန် လက်တွေ့ကျမှုအားနည်းနေသည်။

အကြံပြုချက်

- ဖွဲ့စည်းထားပြီးသော မွန်ပြည်နယ်အေဂျင်စီတွင် အသေးစား၊ အငယ်စား၊ အလတ်စားလုပ်ငန်းများနှင့် တိုက်ရိုက်ထိတွေ့ ဆက်ဆံနေရသော ဌာနများပါဝင်ရန် လိုအပ်နေသေးသည်။

- အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အေဂျင်စီအဖြစ် ဖွဲ့စည်းထားသော်လည်း အေဂျင်စီဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်၊ အခန်းကဏ္ဍနှင့် လုပ်ပိုင်ခွင့်များ၊ တာဝန်များ၊ စံသတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများ၊ ဖွဲ့စည်းပုံများကို အဖွဲ့ဝင်များကိုယ်တိုင် ရှင်းရှင်းလင်းလင်းသိရှိရန် လုပ်ဆောင်ရမည်။
- ဝန်ကြီးဌာနအားလုံးတွင် ဝန်ထမ်းဖွဲ့စည်းပုံအရ အပြည့်စုံဆုံးဖြစ်သည့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အေဂျင်စီများတွင် အတွင်းရေးမှူးတာဝန်ကို ပေးထားသော်လည်း ပေါင်းစပ်ညှိနှိုင်းပေးရန်အတွက်မူ လုပ်ငန်းနယ်ပယ်အပေါ် သိနားလည်မှုတွင် အခြေခံသောကြောင့် ပြန်လည်သုံးသပ်ရန် လိုအပ်သည်။
- ဒေသအလိုက် အေဂျင်စီဖွဲ့စည်းရာတွင် တတ်သိပညာရှင်များ၊ လုပ်ငန်းကျွမ်းကျင်သူများ ပို၍ထည့်သွင်းမှသာ အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။



*ဒေသတစ်ခုချင်းတွင် တမူထူးခြားပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိသော စီးပွားရေးစီမံကိန်းကြီးများအား စဉ်းစား အကောင်အထည်ဖော်နိုင်ရန်အတွက် ထိုဒေသ၏ ပထဝီနယ်မြေအနေအထားနှင့် ရေခံ၊ မြေခံ အားကောင်းမှု ဝိသေသလက္ခဏာတို့ အဓိကကျသည်။*

## ၄.၃ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေဆိုင်ရာ သုံးသပ်ချက်

ပုံမှန်အားဖြင့် မူဝါဒပြီးမှ ဥပဒေထုတ်ပြန်လေ့ရှိသော်လည်း ဥပဒေကို ဦးစွာ ပြဋ္ဌာန်းပြီးမှ မူဝါဒကို ပြဋ္ဌာန်းထားသည်ကို သတိပြုမိသည်။ ၂၀၀၈ အခြေခံဥပဒေကို စတင် အကောင်အထည်ဖော်ပြီးနောက်ပိုင်း (၂၀၁၀-၂၀၁၅ ခုနှစ်) အစိုးရသက်တမ်း အတွင်း စီးပွားရေးနှင့်ဆက်စပ်၍ ပြဋ္ဌာန်းခဲ့သည့် ဥပဒေများထဲတွင် ပါဝင်ခဲ့သည်။ ဥပဒေ ရေးဆွဲရာတွင် သက်ဆိုင်ရာကဏ္ဍစုံမှ ဆုံးဖြတ်ချက်ချသူများ ပါဝင်မှု အားနည်းခဲ့သည့် အကျိုးဆက်အနေဖြင့် ထပ်မံ ထွက်ပေါ်လာသော စီးပွားရေးနှင့် သက်ဆိုင်သည့် ဥပဒေ များမှာ ထပ်တူကျနေမှုသော်လည်းကောင်း၊ ဆန့်ကျင်မှုသော်လည်းကောင်း ဖြစ်ပေါ် စေခဲ့သည်။

ပြည်ထောင်စုအဆင့်မှ ထိန်းချုပ်မှုများကို လျော့ချပေးသော လုပ်ဆောင်မှုများ အနေဖြင့် သက်ဆိုင်ရာနယ်ပယ်တိုင်းတွင် ကော်မရှင်၊ ကော်မတီများ ဖွဲ့စည်းလုပ်ဆောင် နေစေသည်ကို SME နှင့်သက်ဆိုင်သည့် ကဏ္ဍာရပ်များ၏ နည်းဥပဒေများတွင် တွေ့ရှိနေ ရသည်။ သို့ရာတွင် ထိုကော်မတီများအနေဖြင့် လုပ်ရမည့်တာဝန်များကိုသာ ဖော်ပြထားပြီး အကောင်အထည်ဖော်ရန် မည်သို့ထိန်းကျောင်း လုပ်ဆောင်မည်ကို တိတိကျကျ မဖော်ပြ ထားသဖြင့် အစုအဖွဲ့အနေဖြင့်သာရှိနေပြီး အလုပ်ဖြစ်မှု အားနည်းနေသည်။

SME ဥပဒေအရ အေဂျင်စီတွင် ပါဝင်ရမည့် လူဦးရေအရေအတွက်ကို အတိအကျ ဖော်ပြ ပြဋ္ဌာန်းထားခြင်းကို မတွေ့ရသဖြင့် MSME ဖွံ့ဖြိုးရေးနှင့် အဓိကသက်ဆိုင်သော ဌာနဆိုင်ရာများ၊ ကျွမ်းကျင်ပညာရှင်များဖြင့် ထိရောက်စွာ ဖွဲ့စည်းနိုင်မှုသည် အရေးကြီး

သည်။ လက်ရှိတွင်မူ အဓိကကျသော ဌာနဆိုင်ရာများ ပါဝင်မှု လိုအပ်ချက်ရှိခြင်း၊ သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်နှင့် လုပ်ငန်းရှင်များ ပါဝင်မှုအချိုး နည်းပါးသောကြောင့် အေဂျင်စီ၏လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ရာတွင် မျှော်မှန်းသလောက် ဖြစ်မနေပေ။

အခွန်ကောက်ခံမှုနှင့်ပတ်သတ်၍ ရသုံးမှန်းခြေဌာနနှင့် ပေါင်းစပ်လုပ်ဆောင်ခြင်းများ၊ လွှတ်တော်မှ လျာထားခြင်းများရှိသော်လည်း topdown ပုံစံဖြင့်သာ ရှိနေသည်။

### အကြံပြုချက်

- အခွန်ကောက်ခံမှုပုံစံ အများစုသည် ယခင် ၁၉၇၄ ခုနှစ် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို အခြေခံထားသည့်အတွက် ယခုဒီမိုကရေစီစနစ်ဖြင့် ကိုက်ညီစေရန် ပြင်ဆင်သင့်ပြီး bottom up ပုံစံဖြင့် အခွန်ပမာဏကို ခန့်မှန်းတင်ပြခြင်းများ ပြုလုပ်ရန် လိုအပ်သည်။
- နည်းပညာနှင့် ဓနအင်အားပမာဏ များလွန်းသည့် လုပ်ငန်းနယ်ပယ်များတွင် နိုင်ငံသား MSME လုပ်ငန်းရှင်များ ပါဝင်လုပ်ဆောင်နိုင်ရန် ပြည်ပရင်းနှီးမြုပ်နှံမှု စီးပွားရေးအဖွဲ့အစည်းများနှင့် ယှဉ်တွဲလုပ်ဆောင်မှသာ ရေရှည်အောင်မြင်မည် ဖြစ်သည်။ သို့အတွက် အလားအလာရှိသော MSME sector ပေါ် မူတည်၍ နိုင်ငံခြားရင်းနှီးမြုပ်နှံမှု မူဝါဒနှင့် စီမံချက်များကို ပြန်လည်သုံးသပ်သင့်သည်။
- MSME တိုးတက်ရန် ထပ်နေသော သို့မဟုတ် ဒွိဟဖြစ်စေသော မူဝါဒများနှင့် ဥပဒေများကို ပြန်လည်သုံးသပ်သင့်သည်။

### ၄.၄ စွမ်းဆောင်ရည်နှင့် ကျွမ်းကျင်မှုဆိုင်ရာ သုံးသပ်ချက်

လက်ရှိတွင် အကန့်အသတ်ရှိသော ဘက်ဂျက်နှင့် ဝန်ထမ်းဖွဲ့စည်းပုံအရ ၃၀ ရာခိုင်နှုန်းဖြင့်သာ လုပ်ဆောင်နေရသော်လည်း စိတ်အားတက်ကြွမှုများ ရှိနေကြသည်ကို တွေ့ရသည်။ ပြည်သူများထံသို့ အသေးစား၊ အငယ်စားနှင့် အလတ်စား ဖွံ့ဖြိုးတိုးတက်ရေး ဝန်ဆောင်မှုနှင့် ပတ်သက်သော သတင်းအချက်အလက်များ ထိထိရောက်ရောက် ပေးနိုင်စွမ်း အားနည်းနေသေးသည်။ သို့ရာတွင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ဒေသတွင်းလုပ်ငန်းရှင်များ၏ စွမ်းဆောင်ရည်နှင့် ဈေးကွက်သဘောတရား သိရှိနိုင်ရန်နှင့် ဒေသတွင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သည့် ညှိနှိုင်း ဆောင်ရွက်မှုများကို တတ်နိုင်သမျှ ချိတ်ဆက်ဆောင်ရွက်ပေးနေကြသည်။ လက်ရှိ ရှိနေသော မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများအပေါ် အခြေခံပြီး ပြည်သူ့ရေးရာ ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်စေရေးအတွက် ဌာနအချင်းချင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်ရန် စံသတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများမရှိသောကြောင့် ဌာနအချင်းချင်း စာရင်း အချက်အလက် တောင်းခံရာတွင် နှောင့်နှေးကြန့်ကြာမှုများ ရှိနေသည်။

### အကြံပြုချက်

- အောဂျင်စီအဖွဲ့ဝင်များအတွက် စီမံခန့်ခွဲမှုဆိုင်ရာနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှု စံသတ်မှတ်ချက်ဆိုင်ရာ သင်တန်းများ ပြုလုပ်ရန် လိုအပ်သည်။
- MSME ကဏ္ဍတွင် လုပ်ဆောင်နေကြသည့် ပုံစံများအတွက် ပြည်ပလေ့လာရေး ခရီးများ ပို့ဆောင်ပေးခြင်းဖြင့် ပို၍ထိရောက်မည်။
- နိုင်ငံတကာအဖွဲ့အစည်းနှင့် ဒေသလူမှုအခြေပြုအဖွဲ့အစည်းများ အကူအညီဖြင့် နည်းပညာအသုံးပြုကာ သုတေသနစစ်တမ်းများ ပြုလုပ်စေပြီး စာရင်းအချက် အလက် ထိန်းကျောင်းမှု ပုံမှန်လုပ်ဆောင်ရန် လိုအပ်သည်။

### ၄.၅ ဗဟိုချုပ်ကိုင်မှု လျှော့ချရေးဆိုင်ရာ သုံးသပ်ချက်

၂၀၀၈ အခြေခံဥပဒေပါ ပေးထားချက်အရ ပြည်နယ်ဝန်ကြီးချုပ်ကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်က ရွေးချယ်ခြင်းထက် သမ္မတက ရွေးချယ်ရသည့်အတွက်ကြောင့်လည်းကောင်း၊ ရွေးကောက်ပွဲပုံစံအရ ထက်ဝက်ကျော် အနိုင်ရသည့် နိုင်ငံရေးပါတီကသာ အစိုးရဖွဲ့နိုင်သည့် အခြေအနေတွင် ရှိနေခြင်းကြောင့်လည်းကောင်း တာဝန်ခံရမှု လားရာပေါ်မူတည်၍ သက်ဆိုင်ရာ ဒေသအကျိုးစီးပွားကို ရှေ့ရှုအကောင်အထည်ဖော်နိုင်မှု အားနည်းစေသည်။ အစိုးရသက်တမ်းအနေဖြင့်လည်း ၅ နှစ်တစ်ကြိမ် အပြောင်းအလဲဖြစ်နေမည်ဖြစ်သောကြောင့် ရေရှည်မဟာဗျူဟာများ ချမှတ်ဖော်ဆောင်သည့်အခါ ခရီးမတွင်ပဲ ဖြစ်နေသည်။

သာဓကအားဖြင့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ကို နှိုင်းယှဉ်သုံးသပ်ရပါက (၅)နှစ်သက်တမ်းအတွင်း၌ပင် ဝန်ကြီးချုပ်အပြောင်းအလဲဖြစ်ခြင်း၊ MSME အေဂျင်စီ ဥက္ကဋ္ဌ အပြောင်းအလဲဖြစ်ခဲ့ခြင်းရှိခဲ့သည့် ပြည်နယ်မှ အေဂျင်စီအဖွဲ့ဝင်များမှာ ပူးပေါင်းဆောင်ရွက်မှု အားနည်းစေခဲ့သည်။ မူဝါဒချမှတ်သူနှင့် အကောင်အထည်ဖော်သူများကြား ယုံကြည်မှုတည်ဆောက်ရသည့် အချိန်ကာလတစ်ခု ပေးရန်လိုသကဲ့သို့ သက်ဆိုင်သည့် အစိုးရအဖွဲ့၏ စိတ်ပါဝင်စားမှု နယ်ပယ်ပေါ်မူတည်၍ တိုးတက်မှု အတိုင်းအတာ ကွာခြားစေသည်။ ၂၀၀၈ အခြေခံဥပဒေပါ ဇယား (၁)အတိုင်း ကဏ္ဍအလိုက် ဥပဒေများ ပြဋ္ဌာန်းရေးသားသည့်အခါတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့အပေါ် ဩဇာလွှမ်းမိုးသက်ရောက်သည့် အခြေအနေမဖြစ်စေရန် ထည့်သွင်းရေးသားမှု မပြုကြပေ။ သို့ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် ၂၀၀၈ အခြေခံဥပဒေ ဇယား (၂) အရသာ အကျိုးဝင် စီမံဆောင်ရွက်ခွင့်ရှိသည်ဟု နားလည်ကြသောကြောင့် ညှိနှိုင်းဆောင်ရွက်နိုင်သည့် ယန္တရားများ လိုအပ်နေသည်။

၂၀၁၁ မှ ၂၀၁၉ ခုနှစ်အတွင်း သက်ဆိုင်ရာ နယ်ပယ်ကဏ္ဍအလိုက် ထုတ်ပြန်ရေးဆွဲထားသော ဥပဒေများကို လေ့လာကြည့်ပါက ဒေသအလိုက် ကော်မတီ (သို့မဟုတ်) အေဂျင်စီများ ဖွဲ့စည်းလုပ်ဆောင်ပြီး လုပ်ပိုင်ခွင့်များ ပေးအပ်ထားသည်ကို တွေ့ရသည်။ (သာဓက၊ ခရီးသွား ဥပဒေ၊ စားသုံးသူရေးရာ ဥပဒေ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားဥပဒေ စသဖြင့်)

ဘဏ္ဍာရေးဆိုင်ရာအနေဖြင့်မူ လက်ရှိတွင်အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အေဂျင်စီအနေဖြင့် သီးခြားရန်ပုံငွေခွဲဝေသုံးစွဲခွင့် မရှိသေးပေ။ ပြည်နယ်အစိုးရအနေဖြင့်လည်း ဒေသတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးခြားရန်ပုံငွေဖြင့် ပြုလုပ်ဆောင်ရွက်မှု အားနည်းနေသည်။ ဒေသတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းအစီအစဉ်များ ရေးဆွဲခြင်းနှင့် လျာထားဘတ်ဂျက်ရေးဆွဲခြင်းများလည်း အားနည်းနေသေးသည်။ ဥပဒေက ပြဋ္ဌာန်းထားသည် မှန်သော်လည်း တစ်ခါတစ်ရံတွင် ဥပဒေအတိုင်း တင်းကြပ်စွာ လုပ်ဆောင်၍ မရသည်များလည်းရှိသည်။ ပြည်ထောင်စုလွှတ်တော်တွင် ရွေးကောက်ခံကိုယ်စားပြုများဖြင့် အတည်ပြုဆုံးဖြတ်လိုက်သည့် ရသုံးမှန်းခြေငွေစာရင်းလျာထားချက်

အတိုင်း အခွန်ဘဏ္ဍာရာဖွေရသကဲ့သို့ အခွန်၏မူဝါဒနှင့် ဥပဒေပြုရသည့် အပိုင်းများသည် နိုင်ငံရေးနှင့် များစွာဆက်နွယ်နေသောကြောင့် လုပ်ကိုင်ရခက်ခဲမှုများရှိသည်။ ပေါင်းစပ်ညှိနှိုင်းမှုများကိုလည်း အဟန့်အတားဖြစ်စေသည်။ ထို့အပြင် ဥပဒေအတိုင်း လုပ်ဆောင်ရန် လူမှုအဖွဲ့အစည်းက လုပ်သာကိုင်သာမရှိသကဲ့သို့ အဆင်သင့်မဖြစ်သေးသောကြောင့် လက်တွေ့တွင် ပြဋ္ဌာန်းထားသော ဥပဒေများနှင့် မူဝါဒများအတိုင်း ကျင့်သုံးရန် မလွယ်ကူသေးပေ။ သက်ဆိုင်ရာပြည်နယ်များနှင့် ပတ်သတ်၍ အခွန်ကောက်ခံမှု၊ အခွန်ခွဲဝေမှုများက ထင်သာမြင်သာမရှိသည့်အတွက် တစ်ခါတစ်ရံပြည်သူများနှင့် နားလည်မှုလွဲကြသည်။

## ၄.၆ အကြံပြုချက်များ

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမှုဘောင်တွင် ဗဟိုချုပ်ကိုင်မှုလျှော့ချရေးနှင့် ပတ်သက်ပြီး အောက်ဖော်ပြပါကိစ္စရပ်များကို ပြုလုပ်မှသာ ထိရောက်အောင်မြင်သော စနစ်တစ်ခု ဖြစ်လာမည်ဟု ယုံကြည်ပါသည်။

- ပြည်နယ်အစိုးရများသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဌာန်းချက်များအရ မိမိတို့ဒေသအတွင်း အကျိုးရှိနိုင်သော စီးပွားရေးလုပ်ငန်းများကို ဖော်ဆောင်နိုင်ရန်အတွက် လုပ်ငန်းအစီအစဉ်များရေးဆွဲခြင်း၊ လျာထားဘတ်ဂျက်ရေးဆွဲခြင်းများ ဆောင်ရွက် အကောင်အထည်ဖော်ရမည်။
- ဒေသတွင်း အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဌာနများတွင် ကျင့်သုံးနေသော နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ်ပြီး ကျစ်လျစ်ထိရောက်သော လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်သင့်သည်။
- ဒေသဆိုင်ရာ အေဂျင်စီအဖွဲ့များ ဖွဲ့စည်းရာတွင် ထိုဒေသ၏ ယှဉ်ပြိုင်နိုင်စွမ်းနှင့် စီးပွားရေးအခြေခံအလားအလာပေါ်မူတည်၍ ပြင်ဆင်ဖွဲ့စည်း ဆောင်ရွက်ရန်လိုသည်။
- အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းအေဂျင်စီကို တိကျသေချာသောဖွဲ့စည်းမှု၊ ရှင်းလင်းသော အခန်းကဏ္ဍများ၊ လုပ်ငန်းတာဝန်များကို SOP များရေးဆွဲထားရမည်။
- SME ဥပဒေပါအတိုင်း လက်ရှိတွင် ဖွဲ့စည်းထားသော အေဂျင်စီများ အသက်ဝင်လုပ်ဆောင်နိုင်ရန် SOP များ ရေးဆွဲပြီး လုပ်ငန်းပြီးမြောက်မှု တိုင်းတာသတ်မှတ်ချက်များဖြင့် ထိန်းကျောင်းပေးမှသာ ပို၍ ထိရောက်မည်။
- အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပါအတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အေဂျင်စီရုံးခွဲများ ဖွင့်လှစ်ပြီးတစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသော စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်သည်။
- ဒေသတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အေဂျင်စီသည် ဌာနများကို ပေါင်းစည်းပေးသော၊ ပြည်နယ်အစိုးရများ၏ မူဝါဒနှင့် လုပ်ဆောင်ချက်များကို ပံ့ပိုးကူညီပေးသော စီမံချက်လုပ်ဆောင်မှုများ လုပ်နေမှသာ အသက်ဝင်လာမည် ဖြစ်သည်။
- MSME တိုးတက်ရန် မဟာဗျူဟာများကို ရေးဆွဲအကောင်အထည်ဖော်ရာတွင်လည်း သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များ ပါဝင်ပြီး ပုံမှန်လုပ်ငန်းညှိနှိုင်းမှုများ ပြုလုပ်မှသာ ထိရောက်အောင်မြင်နိုင်မည်။
- တဖက်တွင်လည်း လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရန် သက်ဆိုင်ရာ အသက်မွေးဝမ်းကျောင်းများနှင့် ပညာရေးဝန်ကြီးဌာန၊ အဖွဲ့အစည်းများ ပူးပေါင်းကာ အကောင်ထည်ဖော် ပံ့ပိုးပေးရမည်။
- နိုင်ငံတော်မှ MSME ကဏ္ဍဆိုင်ရာ လုပ်ဆောင်ချက်များ၊ ရည်ရွယ်လုပ်ငန်းစုနှင့် မျှော်မှန်းအောင်မြင်မှုကို လူထုမှ သိရှိအောင် သတင်းအချက်အလက် ထုတ်ပြန်ပေးကာ လူထုပါဝင်လာအောင် လှုံ့ဆော်ပေးသော အစီအစဉ်များ ပြုလုပ်ရန် လိုအပ်နေသည်။

## အခန်း (၅) နိဂုံးချုပ်

ပြည်ထောင်စုအဆင့်မှ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဆုံးဖြတ်ချက် ချနိုင်စွမ်းနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုများကို ဖြေလျှော့ပေးနေခြင်းများရှိပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ထိုအခွင့်အရေးကို အပြည့်အဝ အသုံးမပြုနိုင်ကြသေးပေ။ အစိုးရတစ်ရပ်နှင့် တစ်ရပ်အကြား ပြောင်းလဲသွားသော ဝန်ကြီးဌာနနှင့် ဌာနဖွဲ့စည်းပုံများကြောင့် MSME ကဏ္ဍ ပုံမှန်ဖြစ်ထွန်းတိုးတက်မှုကို တုံ့ဆိုင်းမှု ဖြစ်နေစေသည်ကို တွေ့ရှိရသည်။ အုပ်ချုပ်ရေးကဏ္ဍတွင် ဆုံးဖြတ်ချက် ချမှတ်သူများနှင့် ဥပဒေပြုရေးကဏ္ဍရှိ ရွေးကောက်ခံကိုယ်စားလှယ်များ၏ SME အပေါ် စိတ်ဝင်စားမှုတနည်း နားလည်သိရှိမှုအပေါ် မူတည်၍ ဒေသအလိုက်ပင်လျှင် ဖွံ့ဖြိုးတိုးတက်မှုအလားလာမတူညီမှုကို ဖြစ်စေသည်။ ဌာနဆိုင်ရာများမှ အဆင့်ဆင့်သော လုပ်ငန်းစဉ်များကြားပူးပေါင်းဆောင်ရွက်မှု အားနည်းခြင်းသည် လည်းကောင်း၊ သက်ဆိုင်ရာ ဌာနဆိုင်ရာများမှ MSME အတွက် ဘက်ဂျက်လျာထားမှု ထိထိရောက်ရောက် မပြုလုပ်ကြခြင်းတို့ကြောင့် MSME ဖွံ့ဖြိုးရန် လိုအပ်သော ပြည်သူ့ရေးရာ ဝန်ဆောင်မှုများ အားနည်းချက်ဖြစ်စေသည်။ MSME ကဏ္ဍကို မြေပြင်တွင် လက်တွေ့အကောင်အထည်ဖော်နိုင်ရန်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များက ပို၍အခရာကျနေသဖြင့် ထိုဒေသရှိ အေဂျင်စီအဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်နှင့် စီမံခန့်ခွဲမှုတို့သည် ပို၍ ဂရုပြုရမည့်အချက်များ ဖြစ်စေသည်။ တဖက်တွင်လည်း ဈေးကွက်သဘောတရားနှင့် အလားအလာကို MSME လုပ်ငန်းရှင်များမှ သိရှိမှု နည်းပါးကြသဖြင့် ဈေးကွက်ဆိုင်ရာ သတင်းအချက်လက်ဖြန့်ဝေခြင်း၊ နည်းပညာပေးခြင်းများနှင့် ပြည်ပအတွေ့အကြုံများ ပို့ဆောင်ပေးမှသာ လုပ်ငန်းရှင်များ နားလည်သိရှိလာပေမည်။

## ကိုးကားစာရင်း


၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ - (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၀။) (၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်)

၂။ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ - (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် ၂၀။) (၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)

၃။ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ - (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃။) (၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်)

၄။ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ - (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂။) (၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်)

၅။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ - (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၂၃။) (၂၀၁၅ ခုနှစ်၊ ဧပြီလ ၉ ရက်)

၆။ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး နည်းဥပဒေများ - (အမိန့်ကြော်ငြာစာအမှတ် (၂၁/ ၂၀၁၆ - ၂၀၁၇)

၇။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒ - (၂၀၁၅) ခုနှစ်

၈။ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေ (၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၆။) (၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်)

၉။ သစ်တောဥပဒေ - (၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၂၉။) (၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်)

၁၀။ စားသုံးသူကာကွယ်ရေးဥပဒေ - (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉။) (၂၀၁၉ ခုနှစ်၊ မတ်လ ၁၅ ရက်)

၁၁။ ၂၀၀၈၊ အခြေခံ ဥပဒေ

၁၂။ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (၂၀၁၈-၂၀၃၀) (ဩဂုတ်လ၊ ၂၀၁၈ ခုနှစ်)

၁၃။ အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေ - (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၀) (၂၀၁၉ ခုနှစ်၊ ဇွန်လ ၇ ရက်)

၁၄။ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ - (၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၉) (၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်)

၁၅။ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့်ဥပဒေ (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၈) (၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)

၁၆။ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဥပဒေ (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၈) (၂၀၁၉ ခုနှစ်၊ မတ်လ ၁၅ ရက်)

၁၇။ အထူးကုန်စည်ခွန်နည်းဥပဒေများ (အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၁၉) (၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်)

၁၈။ SME Policy Index : ASEAN 2018 (oecd-ilibrary.org/sites/9789264305328-en/index.html?itemId=/content/publication/9789264305328-en&mimeType=text/html

၁၉။ Myanmar Perspectives of "One Belt, One Road" _Internal Document for Silk Road Forum 2015 _(Member of Myanmar Institute of Strategic and International Studies, Head of the International Relations Department, University of Yangon)

၂၀။ The Irrawaddy_Article_ Six BRI Projects in Myanmar to Monitor During Chinese President Xi's Trip-13/January/2020

၂၁။ Myanmar Times: New policies unavoidable if Myanmar is to keep up in AEC-19/SEP/2018 (https://www.mmtimes.com/news/new-policies-unavoidable-if-myanmar-keep-aec.html?fbclid=IwAR0KNuaZqJRYZbyONExbx6iEuxnb2_Zl1Xzq9RIEIY7Mc4jD-UYgF4-umdU)

၂၂။ ASEAN 2018 SME Policy Index- Brochure

၂၃။ Decentralization & Subnational Regional Economics by World Bank Group

၂၄။ State and Region Government in Myanmar by Asia Foundation

၂၅။။ တိုင်းရင်းသားယဉ်ကျေးမှု ရိုးရာဓလေ့ထုံးစံများ (မွန်) ၁၉၇၇ ခုနှစ် ထုတ်ဝေသည်။

၂၆။။ တိုင်းရင်းသားယဉ်ကျေးမှု ရိုးရာဓလေ့ထုံးစံများ (ကရင်) ၁၉၆၂ ခုနှစ် ထုတ်ဝေသည်။

၂၇။ ၂၀၁၄ ခုနှစ် - မြန်မာနိုင်ငံ လူဦးရေနှင့် အိမ် အကြောင်းအရာ သန်းခေါင်စာရင်း - သန်းခေါင်စာရင်း အစီရင်ခံစာ - အတွဲ (၂)

# နောက်ဆက်တွဲ
# ASPI Dimensions and Sub-Dimensions

1. PRODUCTIVITY, TECHNOLOGY AND INNOVATION
   - 1.1 Productivity Measures
   - 1.2 Business Development Services
   - 1.3 Productive Agglomerations and Clusters Enhancement
   - 1.4 Technology and Innovation Promotion

2. GREEN SMEs
   - 2.1 Environmental Policies Targeting SMEs
   - 2.2 Incentives and Instruments for Greening SMEs' operations

3. ACCESS TO FINANCE
   - 3.1 Legal, Regulatory and Institutional Framework on Access to Finance
     - 3.1.1 Legal Regulatory Framework for Commercial Lending
     - 3.1.2 Credit Information Bureau (WB Doing Business)
     - 3.1.3 Stock Market Operations and Facilities for SMEs Listing
   - 3.2 Diversified Sources of Enterprise Finance
     - 3.2.1 Bank Credit or Loans / Traditional Debt
     - 3.2.2 Microfinance
     - 3.2.3 Alternative Sources of Enterprise Finance

4. ACCESS TO MARKET AND INTERNATIONALISATION
   - 4.1 Export Promotion
   - 4.2 Integration to Global Value Chains
   - 4.3 Use of E-Commerce
   - 4.4 Quality Standards
   - 4.5 Trade Facilitation

5. INSTITUTIONAL FRAMEWORK
   - 5.1 SME Definition
   - 5.2 Strategic Planning, Policy Design and Coordination
   - 5.3 Measures to Tackle Informal Economy

## 6. LEGISLATION, REGULATION AND TAX

- 6.1 Public-Private Consultations
- 6.2 Legislative Simplification and Regulatory Impact Analysis
- 6.3 Company Registration
- 6.4 Ease of Filing Tax
- 6.5 E-government

## 7. ENTREPRENEURIAL EDUCATION AND SKILLS

- 7.1 Promotion of Entrepreneurial Education
- 7.2 Entrepreneurial Skills

## 8. SOCIAL ENTERPRISES AND INCLUSIVE SMEs

- 8.1 Social Enterprises
- 8.2 Inclusive SMEs
  - 8.2.1 Inclusive SMEs for Women
  - 8.2.2 Inclusive SMEs for Youth
  - 8.2.3 Inclusive SMEs for Persons with Disabilities